# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၉၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်နေ့ | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ အင်္ဂါနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# အားကစားမောင်မယ်များ၏ ကြိုးပမ်းအားထုတ်မှုကို နိုင်ငံတော်နှင့်ပြည်သူများက အသိအမှတ်ပြုအားပေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသော အားကစား သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၂၂ ရက်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ ဤအားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားမောင်မယ်များဖြစ်သော မောင်တို့မယ်တို့သည် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လျှော့ခွက်ချည်းကျန်အလံမလှဲသည့်စိတ်ဓာတ်ကို *စာမျက်နှာ ၈ ကော်လံ ၁* ▲

**စနစ်တကျ ပြင်ဆင်ပြုစုပျိုးထောင်မှုများနှင့် မောင်တို့မယ်တို့၏ ကြိုးစားအားထုတ်မှုများ ပေါင်းစပ်လိုက်သည့်အတွက် ယနေ့ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများကို ရရှိလာခြင်းဖြစ်။**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်** စာမျက်နှာ ➢ ၅

## ကမ္ဘာလှည့်ခရီးသည်ဝင်ထွက်မှုဦးရေအား ဂြိုဟ်တုစနစ်ဖြင့် ရယူရန်စီစဉ်မည်

သတင်း-အာကာဟိန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကမ္ဘာလှည့်ခရီးသွားများ တဖြည်းဖြည်း ဝင်ရောက်မှုများပြားလာသော မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှုဦးရေ တိကျမှန်ကန်စွာ သိရှိနိုင်ရေးအတွက် ဂြိုဟ်တုစနစ်ဖြင့် အသုံးပြုသွားရန် အစီအစဉ်များချမှတ်ရေး ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်သွားလာမှုစာရင်း မှန်ကန်တိကျစွာ သိရှိရပါက မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးဖြစ်သည့် ဟိုတယ်၊ မိုတယ်နှင့် အင်းများ၊ တည်ဆောက်ပြီးစီးတော့မည့် ဟိုတယ်များ၊ ထပ်မံအသစ်တည်ဆောက်ရန် လိုအပ်မည့် ဟိုတယ်များကို စနစ်တကျ စိစစ်တွက်ချက်ကာ ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးတွင် ရှေ့တန်းရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် မြန်မာနိုင်ငံတွင်လည်း ပြင်ဆင်မှု၊ ဖြည့်ဆည်းမှုများ ပြုလုပ်လျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာတွင်လည်း အဆင်ပြေချောမွေ့စွာ တည်းခိုသွားလာနိုင်ရေးအတွက်လည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိမှုသည် ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ ခရီးသွားဧည့်သည် နှစ်သန်းခန့် ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားသည်။ ထိုသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် တိုးမြင့်ရောက်ရှိလာမှုကြောင့် လာမည့် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် သုံးသန်းခန့် ရောက်ရှိနိုင်မည်ဟု ပုဂ္ဂလိက ခရီးသွားလုပ်ငန်းများမှ မျှော်မှန်းထားသည်။

ကမ္ဘာလှည့်ခရီးသွားများအတွက် ခရီးစဉ်နေရာများအား စိတ်ဝင်စားဖွယ် လေ့လာနိုင်ဖွယ်ဖြစ်စေရန် *စာမျက်နှာ ၇ ကော်လံ ၄* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နှစ်သစ်ခါဦး

လွန်ခဲ့သောတစ်နှစ်တာအတွင်း လူတို့အနေဖြင့်လုပ်ကိုင်ဆောင်ရွက်မှုအဖြာဖြာတို့မှာ အောင်မြင်တိုးတက်မှုများရှိနိုင်သလို မအောင်မြင်မှုများလည်း ရှိနိုင်ပါသည်။ လုပ်ငန်းဆောင်တာတို့သည် တစ်ခါတစ်ရံ မြားပစ်သကဲ့သို့ မဖြောင့်ဖြူးနိုင်ပါ။ အခက်အခဲ အကျပ်အတည်းလေးများ၊ အားနည်းချက်လေးများ ရှိတတ်စမြဲဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အားနည်းချက်များကို ပြုပြင်ရမည်။ အားသာချက်များကို ဆက်လက်တိုးတက်အောင် စွမ်းဆောင်နိုင်ရမည်။

ဤနှစ်ဦးအခါမှစကာ အရာရာအောင်မြင်အောင် ကြိုးစားအားထုတ်သွားမည်ဟူသော သန္နိဋ္ဌာန်ကို အခိုင်အမာချမှတ်ဆောင်ရွက်သင့်သည်။ နှစ်ဦးအခါသည် လုပ်ငန်းတစ်ရပ် လုပ်ကိုင်သည်ဖြစ်စေ၊ ဖြစ်စေလိုသောဆန္ဒတစ်ခုခုကို အကောင်အထည်ဖော်ဆောင်ရွက်သည်ဖြစ်စေ အကောင်းဆုံးအချိန်ဖြစ်သည်။ နှစ်သစ်သည် အားကိုဖြစ်စေသည်။ နှစ်တစ်နှစ်ကုန်တိုင်း တိုးတက်အောင်မြင်မှုတစ်ခုခု တိုးလာရမည်သာဖြစ်၏။ ဤသို့တိုးတက်အောင်မြင်ရန်ဆိုသည်မှာလည်း နှစ်ဦးသည် အရေးကြီးဆုံးဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာစကားတွင် အစကောင်းမှ အနှောင်းသေချာဟူသော စကားရှိပါသည်။ မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ အစကောင်းမွန်အောင် ဆောင်ရွက်ကြရပါသည်။ အစကောင်းမှ အလယ်ကောင်းနိုင်ပါသည်။ တစ်ဖန် အလယ်ကောင်းမှလည်း အဆုံးကောင်းနိုင်ပါသည်။ စလယ်ဆုံးညီညွတ်မျှတစွာကောင်းမွန်ရန် အဦးဆုံးဖြစ်သည့် နှစ်ဦးအခါတွင် အကောင်းဆုံး စွမ်းဆောင်ကြိုးစားအားထုတ်ကြရပါမည်။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် ဤနှစ်သစ်အခါသမယမှသည် လုပ်ကိုင်ဆောင်ရွက်သောအရာများ အောင်မြင်ပြီးမြောက်စေရန်အလို့ငှာ အရာရာစိတ်ကောင်းနှင့်ယှဉ်၍ လုပ်ကိုင်သင့်၏။ အမျှတဆုံး၊ အညီညွတ်ဆုံးဖြစ်အောင် စဉ်းစားသင့်၏။ အားနည်းချက်များကိုရှာဖွေပြီး ပြင်ဆင်ဆောင်ရွက်သင့်၏။ လူသစ်၊ စိတ်သစ်၊ အကြံသစ်များဖြင့် အကောင်းဆုံးဆောင်ရွက်သင့်၏။ နှစ်သစ်သည် လူတို့အတွက် အခွင့်အလမ်းကောင်းများကို ဖန်တီးနိုင်သော အချိန်ကောင်းဖြစ်သလောက် ဘဝတိုးတက်ရေးအတွက် အကျိုးပြုနိုင်၏။

ယနေ့ လူငယ်အချို့သည် **Happy New Year** ဟုသာ အသံကုန်ဟစ်အော်နေကြသော်လည်း နှစ်သစ်၏ လေးနက်မှုအပေါ် တန်ဖိုးထားတုံ့ပြန်နိုင်သူက နည်း၏။ သောက်စားသူက သောက်စားကြကုန်၏။ နှစ်သစ်ကိုတန်ဖိုးထားကြသူတိုင်းသည် နှစ်စမှစပြီး လုပ်ကိုင်ဆောင်ရွက်နေသောအရာများအပေါ် အကောင်းဆုံးပြင်ဆင်တတ်ကြသည်။ နှစ်သစ်ကူးသည် ပျော်ပွဲဆင်ရန်အထိမ်းအမှတ်သက်သက်မဟုတ်ပါ။ တစ်နှစ်တာလုံးအကောင်းဆုံး လုပ်ဆောင်သွားရန် အသိပေးနှိုးဆော်လိုက်ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် နှစ်သစ်အခါသမယတွင် အပျော်သက်သက်မဟုတ်ဘဲ တစ်နှစ်လုံး အကောင်းဆုံးသော စွမ်းဆောင်မှုများဖြင့် လျှောက်လှမ်းနိုင်ရန် နှစ်ဦးအခါမှစတင်ကာ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်၊ လျာထားချက်၊ စီမံကိန်း၊ အစီအစဉ်အစရှိသဖြင့် ထားရှိပြီး ဆောင်ရွက်သင့်ပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပြည်တွင်းသတင်း

# ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေရေး လမ်းများဖောက်လုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး၊ မြို့ချင်းဆက်လမ်းများ၊ ရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရေးတို့ဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၇ ရက်တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း)ဦးဝင်းတင့်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများတို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကျိုက်ဒုံမြို့နယ်ခွဲအထိ အရှည် ၂၇ မိုင်ရှိ ကြာအင်း-တဂေး-ခုတ်ခွား-ကျိုက်ဒုံလမ်းတွင် မိုင်တိုင်(၈/၆)မှ (၁၀/၆) အထိ ခုတ်ခွားတောင်တက်လမ်း၌ အတက်အဆင်းမတ်စောက်ပြီး အချိန်ကြာမြင့်စွာ သွားလာရသည့် လမ်းအူကြောင်းအစား အတက်အဆင်းပြေပြစ်ပြီး အချိန်တိုအတွင်း သွားလာနိုင်သည့် လမ်းအူကြောင်းအသစ်ကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ လမ်းအူကြောင်းအသစ်ဖောက်လုပ်ပြီးပါက ဒေသခံပြည်သူများအနေဖြင့် အချိန်တိုအတွင်း အန္တရာယ်ကင်းစွာ သွားလာနိုင်၍ ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ကာ ဝင်ငွေကောင်းများရရှိ၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်ဒုံမြို့နယ်ခွဲမှ ကော့ကရိတ်မြို့နယ်အထိ ၄၃ မိုင် ၁ ဖာလုံ ရှည်လျားသော ကော့ကရိတ်-အစွန်း-ကျိတ်-ကျိုက်ဒုံ-အဇင်းလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ လမ်းကြောင်းတစ်လျှောက် ပေ ၆၀၊ အကျယ်တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ပြီးစီးမှု၊ မိုင်တိုင် (၉/၃)မှ (၉/၄)အကြား အကျယ် ပေ ၄၀ မြေကြီးတာပေါင်တင်ခြင်း (ဖို့မြေ/ဖြတ်မြေ)လုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုနှင့် ငါးပေ (Box Cunvert) ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ လမ်းမကြီးဖောက်လုပ်ပြီးစီးပါက ကျိုက်ဒုံမြို့သည် လမ်းဆုံးမြို့မှ လမ်းဆုံမြို့အဖြစ်လည်းကောင်း၊ မြဝတီ၊ ကော့ကရိတ်မြို့များနှင့် ကြာအင်းဆိပ်ကြီး၊ မော်လမြိုင်မြို့များသည် အချိန်တိုအတွင်း သွားလာနိုင်ပြီး ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့ အချိန်မီရောက်ရှိပြီး ဈေးကောင်းများရရှိကာ ဝင်ငွေကောင်းမွန်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာခြင်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ အပြည့်အဝခံစားကြရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# အမှိုက်များ အချိန်မှန်သိမ်းဆည်းခြင်း အားနည်းနေ

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း (အလယ်လမ်း)၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြားတွင် အဆောက်အအုံပေါင်း ၆၀ ဝန်းကျင်ရှိပြီး ကြေးအိုးအရောင်းဆိုင် လေးဆိုင်အပါအဝင် စားသောက်ဆိုင်မျိုးစုံ ၁၀ ဆိုင်နီးပါး ဖွင့်လှစ်ရောင်းချနေကြရာ အနော်ရထာလမ်းနှင့် ယင်းလမ်းထိပ်တွင် အမှိုက်ပုံးကြီး(၀၂၉) တစ်လုံး ချထားပေးပြီး အတွင်းအလယ်တွင် ပုံးလတ်(၇၈)တစ်လုံးကို လူနေအိမ်အနီးချထားပေးသော်လည်း အချိန်မှန်သိမ်းဆည်းခြင်း အားနည်းနေသကဲ့သို့ အမှိုက်ထဲမှ ပစ္စည်းရှာသူများ၏ နေ့စဉ် မွှေနှောက်ရှာဖွေမှုကြောင့် အမှိုက်ပုံးဝန်းကျင်တွင် အမှိုက်များ ပြန့်ကျဲလွင့်စဉ်နေသည်။ လမ်းမတော်မြို့နယ်အတွင်း လမ်းသွယ်အများစုတွင် လမ်းအတွင်းအမှိုက်ပုံများ ထားလေ့ထားထမရှိသော်လည်း အဆိုပါလမ်းတွင် ယင်းသို့ထားရှိမှုကြောင့် အမှိုက်ပုံးဝန်းကျင်ရှိ နေအိမ်အချို့တွင် ပြတင်းပေါက်များကို ပိတ်ပြီးနေရကြောင်း၊ သို့ဖြစ်ပါ၍ လမ်းအတွင်း အမှိုက်ပုံးများထားရှိခြင်းကို လမ်းသူလမ်းသားများ ကျန်းမာရေးအတွက် လမ်းမတန်းထိပ်သို့ ပြောင်းရွှေ့ထားသင့်ကြောင်း အဆိုပါလမ်းအတွင်း နေထိုင်သူအချို့ကဆိုကြောင်း သိရသည်။

လမ်းမတော်မြို့နယ်အတွင်း အမှိုက်ပုံးအများစုမှာ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်များတွင် သက်ဆိုင်ရာက ထားရှိပေးသော်လည်း လမ်းများအတွင်း နေထိုင်သူအချို့၏ အမှိုက်ထုပ်များကို လမ်းများပေါ် စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ အမှိုက်ပုံးအတွင်းသို့ရောက်အောင် အဖုံးဖွင့်၍ စွန့်ပစ်မှုနည်းခြင်း၊ အမှိုက်များကို

**ထင်သာမြင်သာ ပြုပြင်စရာ**



အချိန်မှန်သိမ်းဆည်းမှု အချို့နေရာများတွင်လိုအပ်နေခြင်းတို့ကို မြင်တွေ့နေရသည်ဟု မြို့နယ်အတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

# တောင်ပေါ်လမ်းလျှောက်အသင်း စေတနာအခမဲ့သွားဆေးခန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းရှိ စေတနာအခမဲ့ဆေးခန်း၌ တောင်ပေါ်လမ်းလျှောက်အသင်း (မော်လမြိုင်) စေတနာရှင်ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲခန့်ကကျင်းပရာ အခမ်းအနားသို့ တောင်ပေါ်လမ်းလျှောက်အသင်းဥက္ကဋ္ဌ ဦးကျော်ဇင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဥက္ကဋ္ဌ ဦးကျော်သူက မုဒိတာစကားပြောကြားခဲ့သည်။

ထို့နောက် တောင်ပေါ်လမ်းလျှောက်အသင်းဥက္ကဋ္ဌ ဦးကျော်ဇင်က ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍ စေတနာအခမဲ့ သွားဆေးခန်းကို တောင်ပေါ်လမ်းလျှောက် အသင်းဥက္ကဋ္ဌ ဦးကျော်ဇင်နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမဲ့ဆေးခန်းတာဝန်ခံ ဒေါက်တာခင်မောင်ဝင်းက အထိမ်းအမှတ်အလံကို နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ (လ/၀၁၂)






ပြည်တွင်းသတင်း

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃-၂၀၁၄ ပညာသင် နှစ်ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၃၀

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အခမ်းအနားကို အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က အခြေခံပညာကဏ္ဍတွင် မသင်မနေရမူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးမြင့်ရရှိရေးအတွက် မသင်မနေရ မူလတန်းပညာရေးစနစ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း နိုင်ငံတော်က မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလုံးကို ကျောင်းသုံးဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ဖြန့်ဝေမှုနှင့်အတူ သတ်မှတ်ငွေကြေးများဖြင့် ထောက်ပံ့ပေးခဲ့ပါကြောင်းဖြင့် ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း အလယ်တန်းအဆင့်အထိ အခမဲ့ပညာရေးဖြစ်စေရန် ရည်ရွယ်ကာ အလယ်တန်းအဆင့်တွင် ကျောင်းလခနှင့် အခြားသတ်မှတ်ငွေကြေးများ ကောက်ခံခြင်းမပြုတော့ဘဲ ကျောင်းသုံးဖတ်စာအုပ်များအခမဲ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာအဆင့်တွင်လည်း သင်ယူမှုအခွင့်အလမ်းများတိုးမြင့်ရရှိရေးအတွက် အခြေခံပညာကျောင်းများ၏အရည်အသွေး မြင့်မားစေရန် ကမ္ဘာ့ဘဏ်မှ အတိုးမဲ့ချေးငွေ ဒေါ်လာသန်းခြောက်ဆယ်နှင့် ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အထိ သုံးနှစ်ကာလအတွင်းတွင် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးပေးမည့်အစီအစဉ်များ၊ စွမ်းရည်မြင့်မားရေးသင်တန်းများ ပို့ချပေးမည့်အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူကလေးများက ပညာရည်ထူးချွန် လူရည်မွန်သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့တွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က လည်းကောင်း၊ အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် အင်္ဂလိပ်စာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လည်းကောင်း၊ သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် သင်္ချာထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းကလည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူလေးများက ဘက်စုံပညာကိုရည် တို့လှမ်းချီ သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ဗဟိုအဆင့်နှင့် အခြေခံပညာအဆင့် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် နိုင်ငံတကာပန်းချီပြိုင်ပွဲ၊ ASEAN Quiz နှင့် Myanmar ICT Award ပြိုင်ပွဲများတွင် ထူးချွန်ဆုရ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြကာ ဆုရရှိသူများနှင့်အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နှင့် အဖွဲ့ဝင်များ ခင်းကျင်း ပြသထားသည့် ပညာရေး ဖွံ့ဖြိုးမှု ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးစဉ်။**

(သတင်းစဉ်)

## စက်မှုလယ်ယာစနစ်ကူးပြောင်းရေး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် စက်မှုလယ်ယာစနစ်ကူးပြောင်းရေး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စက်မှုလယ်ယာမြေစနစ်ဖော်ထုတ်ရေးအား နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး ပျံ့နှံ့အောင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ပြည်ထောင်စုအစိုးရနှင့်ဒေသအစိုးရတို့ နီးကပ်စွာပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကြိုးစား အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**



ထို့နောက် ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်တို့က ဆိုင်ရာကဏ္ဍများကို တင်ပြဆွေးနွေးကြသည်။

**မလွဲမသွေရရှိမည်ဖြစ်**

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ လက်တွေ့ကျကျ ဝင်ငွေတိုးတက်ရရှိခံစားစေနိုင်ရုံသာမက ရေရှည်တည်တံ့ရန်အတွက် ခေတ်မီစက်မှုလယ်ယာမြေစနစ်ထူထောင်ရန် ပြည်ထောင်စုအစိုးရအပိုင်း၊ ဒေသဆိုင်ရာအစိုးရအပိုင်း၊ နိုင်ငံ့ဝန်ထမ်းများအပိုင်း၊ တောင်သူအပိုင်းတို့က တက်ညီလက်ညီဆောင်ရွက်ကြပါက အောင်မြင်မှုမလွဲမသွေ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍအပေါ် အားပေးမှုနှင့်အတူ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ရရှိထားသော အတွေ့အကြုံကောင်းများကို အသုံးချ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

**(သတင်းစဉ်)**

## သရက်မြို့၌ GSM ဆင်းကတ်မဲစနစ်ဖြင့်ရောင်းချ

**သရက် ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြည်သူများဆက်သွယ်မှုလွယ်ကူစေရန် ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM ဆင်းကတ် ၁၈၀၀ ကို တပ်ရင်းတပ်ဖွဲ့များ၊ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာနေပြည်သူများအား မဲစနစ်ဖြင့်ရောင်းချပေးခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့မအားကစားကွင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရက်မြို့နယ်အတွင်း ခွဲတမ်းရ GSM ဆင်းကတ် ၁၈၀၀ ကို ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကတ် ၅၄၀၊ တပ်ရင်းတပ်ဖွဲ့များအတွက် ကတ် ၉၀၊ ရပ်ကွက်ကျေးရွာနေပြည်သူများအတွက် ကတ် ၁၁၇၀ ကို မဲစနစ်ဖြင့် ပြည်သူများ ပွင့်လင်းမြင်သာမှုရှိအောင် မဲနှိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်**

## လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြု ကျောက်ချောလမ်းသစ်ဖွင့်

**အောင်လံ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပြလို့-ပြကြီး-အင်းရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ပြလို့မြင့်ကျေးရွာနှင့် ကျောက်မစင်ကျေးရွာကြားရှိ မုခ်ဦး၌ ကျင်းပသည်။ အခမ်းအနားတွင် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးကျော်ဝင်းက ကျောက်ချောလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကိုပေးအပ်ပြီး ယင်းကျောက်ချောလမ်းကို မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**(မြို့နယ် ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ငွေး (လက်ထောက်ညွှန်ကြားရေးမှူး)မှ ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများ အထူးသတိပြုလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့သည်။

**ဟောပြောဆွေးနွေး**

ဟောပြောပွဲတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ဒုတိယကျောင်းအုပ်ကြီး ပါမောက္ခ ဦးတင်ဝက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး ဦးစန်းယုကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကိစ္စများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် သာယာမည်။**

နိုင်ငံတကာသတင်း

# လူခြောက်ဦး သေဆုံးခဲ့သော မီးလောင်မှု တရုတ်၌ ဖြစ်ပွား

**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်၌ ဒီဇင်ဘာ ၂၉ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားရာ မီးလောင်မှုအတွင်း လူခြောက်ဦး သေဆုံးခဲ့ရသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက တနင်္လာနေ့က ပြောကြားသည်။

မီးလောင်မှုမှာ လူနေရပ်ကွက်တစ်ခု၏ သုံးထပ်အဆောက်အအုံတစ်လုံးကိုလောင်ခြင်းဖြစ်ပြီး နံနက် ၄ နာရီမှ စတင်လောင်ကျွမ်းရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မိသားစုတစ်စုမှ မိသားစုဝင်အားလုံး မီးဘေးဒုက္ခခံစားကြရပြီး တစ်ဦးမှာ ထရပ်ကားတစ်စီးထဲတွင် အိပ်ပျော်နေခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။ တစ်ဦးမှာ ပွဲချင်းပြီးသေဆုံးသွားပြီး အခြားငါးဦးမှာ ဆေးရုံအရောက် သေဆုံးခဲ့ရသည်ဟု သတင်း၌ ဖော်ပြထားသည်။

မီးလောင်မှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ **(ဆင်ဟွာ)**



ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ တစ်နေရာကို တွေ့ရစဉ်

# အလက်ပိုတွင် စည်ပိုင်းဗုံးများကြဲချ သေဆုံးသူ ၅၁၇ ဦးရှိ

**အလက်ပို ဒီဇင်ဘာ ၃၀**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့မြောက်ပိုင်း၌ ဒီဇင်ဘာ ၁၅ ရက်က စ၍ ဖောက်ခွဲရေးပစ္စည်းများ ထည့်ထားသော စည်ပိုင်းဗုံးများ ကြဲချခဲ့သဖြင့် သေဆုံးသူ ၅၁၇ ဦးရှိသွားပြီဖြစ်ကြောင်း လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ပြောသည်။

အဆိုပါ သေဆုံးသူများတွင် ၁၅၁ ဦးမှာ ကလေးများဖြစ်ပြီး ၄၆ ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့် လေ့လာသူများက ပြောသည်။

အလက်ပိုမြို့သည် သမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်များနှင့် သူပုန်တို့ အဓိကတိုက်ပွဲဖြစ်ပွားလျက်ရှိသော မြို့ဖြစ်သည်။ ထို အတောအတွင်း နော်ဝေသင်္ဘောတစ်စင်းက ဆီးရီးယားမှ ဖျက်ဆီးမည့် ဓာတုလက်နက်များ စုဆောင်းရန် ပြင်ဆင်လျက်ရှိသည်။ ယင်းလက်နက်များကို ဆီးရီးယားလာတာကီးယားဆိပ်ကမ်းမှ အီတလီသို့ သယ်ဆောင်သွားမည် ဖြစ်သည်။ ယင်းတို့ကို အမေရိကန်ရေတပ် သင်္ဘောတစ်စင်းပေါ် တင်ပေးပြီး နိုင်ငံတကာရေပိုင်နက်သို့ သယ်ဆောင်ကာ ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း သိရသည်။

အလက်ပိုတွင် ယင်းကဲ့သို့ စည်ပိုင်းဗုံးများကြဲချနေခြင်းကို စိုးရိမ်မိကြောင်း အတိုက်အခံများနှင့် ဆက်နွယ်သော ယူကေအခြေစိုက်တက်ကြွလှုပ်ရှားသူများအဖွဲ့ ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့် လေ့လာသူများက ပြောကြသည်။ **(ဘီဘီစီ)**

# တောင်ဆူဒန်နိုင်ငံကလေးငယ်များ မိကွဲဖကွဲဖြစ်နေကြရ

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

တောင်ဆူဒန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှု ပဋိပက္ခရလဒ်အဖြစ် ထောင်ပေါင်းများစွာသော ကလေးငယ်များသည် မိသားစုနှင့် တကွဲတပြားစီဖြစ်နေကြရသည်ဟု ကယ်ဆယ်ရေးအေဂျင်စီတစ်ခုက သတိပေးပြောကြားကြောင်း ဒီဇင်ဘာ ၃၀ ရက် ဘီဘီစီသတင်းတွင် ရေးသားထားသည်။

များစွာသော ကလေးငယ်များသည် အလွန်အလှမ်းဝေးသော ဒေသများတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသက်ရှင်ရပ်တည်နေကြရသည်ဟု ဆိုသည်။ အချို့သောကလေးငယ်များသည် မိဘများသေဆုံးရုံသာမက အိမ်လည်း မရှိတော့သူများဖြစ်နေကြသည်ဟု မျက်မြင်တွေ့သူများက ပြောကြားခဲ့သည်။

တောင်ဆူဒန်၏ မြို့တော်ဂျူဘာတွင် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ကတည်းက ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် ယခုအခါ နိုင်ငံနေရာအနှံ့အပြားသို့ ကူးစက်နေပြီဖြစ်သည်။ လူဦးရေအနည်းဆုံး ၁၀၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်။ တောင်ဆူဒန်နိုင်ငံသည် ၂၀၁၁ ခုနှစ်မှာပင် ဆူဒန်နိုင်ငံမှ ခွဲထွက်ထားခြင်းဖြစ်ပြီး ၁၀ စုနှစ်တစ်ခုကျော်အရောက် ယခုကဲ့သို့ ပဋိပက္ခတိုက်ပွဲများ ဖြစ်ပွားခြင်း ဖြစ်သည်။ **(ဘီဘီစီ)**



# ဒါဖာတွင် ဂျော်ဒန်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် အရာရှိတစ်ဦးအသတ်ခံရ

**အမ္မာန် ဒီဇင်ဘာ ၃၀**

ဂျော်ဒန်လူမျိုး ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးသည် ဒီဇင်ဘာ ၂၉ ရက်က ဆူဒန်နိုင်ငံ၏ ဒါဖာမြို့တွင် သေနတ်သမားများ၏ လက်ချက်ဖြင့် သေဆုံးခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဌာနက ဖော်ပြခဲ့သည်။

ဒါဖာတွင် ဂျော်ဒန်နိုင်ငံ၏ ငြိမ်းချမ်းရေးတာဝန်များကို ထမ်းဆောင်နေသော ဗိုလ်မှူးတာလားလ်ဂျော့သည် အသတ်ခံခဲ့ရကြောင်း ဆင်ဟွာသတင်း တစ်ရပ်အရ သိရသည်။ ဆူဒန်နိုင်ငံတောင်ပိုင်း ဒါဖာမြို့တွင် တာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂယာဉ်တန်းကို လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က ပစ်ခတ်ခဲ့ရာ ဂျော်ဒန်အရာရှိနှင့် ဆီနီဂေါလူမျိုး ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားမှုကို ကုလသမဂ္ဂကစုံစမ်းစစ်ဆေးမှုများစတင်လုပ်ဆောင်နေကြောင်း သိရသည်။

ဂျော်ဒန်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို ကမ္ဘာ့နေရာအနှံ့အပြားတွင် စခန်းချထားလျက်ရှိပြီး အဓိကအားဖြင့် ကွန်ဂို၊ လိုင်ဘေးရီးယားနှင့် ဟေတီနိုင်ငံတို့တွင် တည်ရှိကြသည်။ **(ဆင်ဟွာ)**

# မာရူဟာနီချီရို လက်အောက်ခံကုမ္ပဏီက အေးခဲအစားအစာအထုပ် ၆ ဒသမ ၃ သန်းပြန်သိမ်း

**တိုကျို ဒီဇင်ဘာ ၃၀**

အေးခဲအစားအစာအချို့တွင် ပိုးသတ်ဆေးရှာဖွေတွေ့ရှိပြီးနောက် ပီဇာနှင့်မုန့်ကပ်ကြော်များအပါအဝင် အေးခဲအစားအစာအထုပ်ပေါင်း ၆ ဒသမ ၃ သန်းကို ပြန်လည်သိမ်းဆည်းနေကြောင်း မာရူဟာနီချီရို ဦးပိုင်ကုမ္ပဏီ၏ လက်အောက်ခံအဖွဲ့တစ်ခုက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။ ပြန်သိမ်းရန်ဖြစ်နေသော အေးခဲအစားအစာများကို ဂွန်မာပြည်နယ်ရှိ အက်လီဖုစ်ကုမ္ပဏီ၏စက်ရုံကထုတ်လုပ်ခဲ့သည်။ အစားအစာများတွင် ပုံမှန်အနံ့မဟုတ်ကြောင်း စားသုံးသူများထံမှ သိရပြီးနောက် စားစရာထုတ်ကုန်များတွင် မာလာသီယွန်ပိုးသတ်ဆေးပါ မပါ စစ်ဆေးခဲ့ကြသည်။ အဆိုပါစက်ရုံသည် ပုံမှန်အနေဖြင့် မာလာသီယွန် ပိုးသတ်ဆေးကိုသုံးစွဲလေ့မရှိကြောင်း သိရသည်။ ကျန်းမာရေးထိခိုက်မှုအစီရင်ခံစာတစ်စောင်မျှ မရရှိသေးမီကပင် အစားအစာမှအနံ့ကြောင့် ကလေးတစ်ဦး အော့အန်ခဲ့ရကြောင်း အက်လီဖုစ် ကုမ္ပဏီကပြောသည်။

ရောဂါအရင်းအမြစ်များကို ဖော်ထုတ်သိရှိသည့် အထိထုတ်ကုန်များ သင်္ဘောတင်ဆောင်မှုနှင့် စက်ရုံလည်ပတ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ဆိုသည်။ **(တိုကျို)**

# ဆော်ဒီအာရေဗျနိုင်ငံမှ လက်ဘနွန်သို့ ဒေါ်လာသန်းသုံးထောင် ထောက်ပံ့

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

ကားဗုံးဖောက်ခွဲလုပ်ကြံသတ်ဖြတ်ခံရသူ လက်ဘနွန်နိုင်ငံရေးသမားတစ်ဦး၏ ဈာပနအပြီး လက်ဘနွန်သမ္မတ ဆူလေမန်က ဆော်ဒီအာရေဗျနိုင်ငံမှ လက်ဘနွန်တပ်မတော်သို့ ဒေါ်လာသန်း ၃၀၀၀ ထောက်ပံ့မှုပေးကြောင်း ရုပ်သံကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းငွေကြေးသည် အကြမ်းဖက်မှုများအား တိုက်ဖျက်ရန် ကူညီပေးမည်ဖြစ်ကြောင်း ဆိုသည်။

လက်ဘနွန်သမိုင်းတစ်လျှောက်တွင် အများဆုံးအထောက်အပံ့တစ်ခုဖြစ်ပြီး ၎င်းကို ပြင်သစ်တို့ထံမှ လက်နက်များဝယ်ယူရာတွင် သုံးမည်ဖြစ်ကြောင်း သမ္မတဆူလေမန်က ပြောကြားခဲ့သည်။



လက်ဘနွန်သမ္မတ ဆူလေမန်

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ကလည်း လက်ဘနွန်မှ အကူအညီတောင်းပါက လက်နက်ထောက်ပံ့မည်ဟု ဒီဇင်ဘာ ၂၉ ရက်က သူ၏ ဆော်ဒီအာရေဗျ ခရီးစဉ်တွင် ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံ၏ ရှီးယားမွတ်စလင် ဟစ်ဇ်ဘိုလာအဖွဲ့သည် ဆီးရီးယားပြည်တွင်း စစ်ပွဲတွင် ဆီးရီးယားသမ္မတ အာဆတ်အားကျောထောက်နောက်ခံပြုပေးနေသူများဖြစ်သည်။ ဆော်ဒီအာရေဗျနှင့် ဟစ်ဇ်ဘိုလာအဖွဲ့သည် ဆီးရီးယားပြည်တွင်းစစ်ပွဲတွင် ဆန့်ကျင်ဘက် အနေအထားဖြင့် ပါဝင်နေကြခြင်း ဖြစ်သည်။ **(ဘီဘီစီ)**




အကြိမ် (၆၀) မြောက်
မြန်မာနိုင်ငံဆရာဝန်ညီလာခံကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ အကြိမ် (၆၀) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ အမှတ် (၂၄၉) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့် သူများသည် ဇန်နဝါရီလ ၆ ရက် (တနင်္လာနေ့) မှစတင်၍၊ နံနက် ၁၀ နာရီ မှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန် အသင်း၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။

လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၅၁/၂၀၁၃)**

**၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်**

**(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

၁။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်စေရေးအတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲစေရေးအတွက် လည်းကောင်း နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က) အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့နှင့် ထိုနေ့မတိုင်မီ အပိုဒ် (၃)ပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍-

(က) ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူအားလုံးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ခ) သက်ဆိုင်ရာတရားရုံးများရှိ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းပြီး တရားခံများအား အမှုမှ ချက်ချင်းလွှတ်ရမည်။

(ဂ) စုံစမ်းအရေးယူဆဲဖြစ်သော အမှုများကို ဆက်လက်အရေးယူခြင်းမပြုဘဲ ပိတ်သိမ်းရမည်။

၃။ ဤအမိန့်အရ အောက်ပါပြစ်မှုများ၌သာ ပြစ်ဒဏ်ခံနေရသူများ၊ ကြားနာစစ်ဆေးဆဲ ခံနေရသူများနှင့် စုံစမ်းအရေးယူဆဲခံနေရသူများ ပါဝင်သည်-

(က) မတရားအသင်းအက်ဥပဒေပါ ပြစ်မှုများ၊

(ခ) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂)၊

(ဂ) အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က)၊

(ဃ) နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါပြစ်မှုများ၊

(င) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပါပြစ်မှုများ၊

(စ) အများပြည်သူ၏အကျိုး ပျက်စီးစေမှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅)၊

(ဆ) ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြစ်မှုများ။

၄။ ဤအမိန့်အရ ပေးအပ်သော အခွင့်အရေးသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ပိုင်းတွင် ကျူးလွန်သော အပိုဒ်(၃)ပါ ပြစ်မှုများနှင့်သက်ဆိုင်ခြင်းမရှိစေရ။

**(ပုံ)သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း




ကောင်းမြတ်သူ-စုစည်းသည်

## အာဆင်နယ်ထိပ်ဆုံးပြန်ရောက်

အိုလီဗီယာဂီရောက်ဒ်၏ ခေါင်းတိုက်ဂိုးဖြင့် နယူးကာဆယ်ကိုနိုင်ပြီး အာဆင်နယ်က မန်စီးတီးကိုကျော်ကာ ပရီမီယာလိဂ်ဇယားထိပ်ဆုံးသို့ ရောက်ရှိသွားသည်။ အာဆင်နယ်တို့ အစောပိုင်းတွင် ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သည်။

သို့သော်လည်း နယူးကာဆယ်က ပထမပိုင်းပြီးခါနီးတွင် တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ အာဆင်နယ်ဂိုးသမားအကြိတ်အနယ် ကာကွယ်နေခဲ့ရသည်။

၆၅ မိနစ်တွင် ဝေါလ်ကော့၏ တည်ကန်ဘောမှတစ်ဆင့် ဂီရောက်ဒ်၌ ခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။ အာဆင်နယ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ရာသီဝက်ပွဲစဉ်များ အပြီးတွင် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့သည်။

## လီဗာပူး နံပါတ်(၅)နေရာ ပြန်ဆင်း

ချယ်လ်ဆီးက အိမ်ကွင်း၌လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရလိုက်ပြီးနောက် အာဆင်နယ်နောက်မှ နှစ်မှတ်ခွာလိုက်လာသည်။ ပွဲစသည်နှင့် ဧည့်အသင်း လီဗာပူးမှ မာတင်စကာတယ်၏ အဖွင့်ဂိုးဖြင့်ဦးဆောင်သည်။ သို့ရာတွင် အီဒင်ဟာဇတ်က ပြန်လည်ချေပသည်။

ပထမပိုင်းအပြီး အီတိုးက ချယ်လ်ဆီးအတွက် အနိုင်ဂိုးသွင်းသည်။ ဆွာရက်ဇ်ကဒိုင်ဗင်ထိုးချပြီး ပယ်နယ်တီနှစ်ကြိမ်တောင်းသော်လည်း ငြင်းဆိုခဲ့သည်။ လီဗာပူးတို့ ယင်းရှုံးပွဲကြောင့် နံပါတ် (၅) နေရာရောက်သွားသည်။

## အဲဗာတန် နံပါတ်(၄)နေရာရောက်လာ

အဲဗာတန်က ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး နံပါတ်(၄) နေရာသို့ ရောက်ရှိလာသည်။ လူကာကူ၏ သွင်းဂိုးဖြင့် အဲဗာတန်တို့ အနိုင်ရသည်။ ကိုးမန်းက အဲဗာတန်အတွက် ဦးဆောင်ဂိုးသွင်းခဲ့သည်။

လူစားဝင်လာသူ ဂက်စတန်ရာမီလက်ဇ်က ဆောက်သမ်တန်အတွက် ချေပဂိုးသွင်းသည်။ အဲဗာတန်တို့ ယင်းအနိုင်ပွဲရပြီး အာဆင်နယ်နောက်မှ ငါးမှတ်ခွာလိုက်လာသည်။



## နည်းပြအသစ်နဲ့နိုင်ပွဲ ရယူနေသော စပါး

ပွဲစဉ် ၁၉ တွင် စပါးအသင်းသည် အိမ်ကွင်းတွင် စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ **(ယာပုံ)**ပထမပိုင်း၁၇မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့်ဆိုဒါဒို အဖွင့်ဂိုးသွင်း ယူခဲ့သည်။ ဒုတိယပိုင်း ၆၅ မိနစ်တွင် ဒမ်ဘီလီက ဒုတိယဂိုး၊ ပွဲချိန် ၆၉ မိနစ်တွင် လင်နွန်က နောက်ဆုံးဂိုးသွင်းယူပြီး အိမ်ရှင်စပါးတို့ ဂိုးပြတ် အနိုင် ယူခဲ့သည်။ စပါးတို့သုံးမှတ်ယူနိုင်သော်လည်း မန်ယူနဲ့အမှတ်တူပြီး ဂိုးကွာခြားချက်ဖြင့် အဆင့် ၇ တွင် ရပ်တည်နေသည်။

သီဟ

## ပရီမီယာလိဂ် ဂိုးအများဆုံး နှင့် ချန်ပီယံရှစ် ဂိုးရလဒ်

### အင်္ဂလန်ပရီမီယာလိဂ် ဂိုးအများဆုံး ၁၀ဦး



| | | |
|---|---|---|
| အမည် | - | ဆွာရက်ဇ် |
| နိုင်ငံ | - | ဥရုဂွေး |
| အသက် | - | ၂၆ |
| အသင်းဟောင်း | - | အိုင်းယက်ဇ် |
| လက်ရှိအသင်း | - | လီဗာပူး |

| စဉ် | အမည် | ဂိုး | အသင်း |
|---|---|---|---|
| ၁။ | ဆွာရက်ဇ် | ၁၉ | လီဗာပူး |
| ၂။ | အဂူရို | ၁၃ | မန်စီးတီး |
| ၃။ | ရီမီ | ၁၀ | နယူးကာဆယ် |
| ၄။ | စတာရစ် | ၉ | လီဗာပူး |
| ၅။ | ယာယာတိုရေး | ၉ | မန်စီးတီး |
| ၆။ | ရွန်းနီ | ၉ | မန်ယူ |
| ၇။ | လူကာကူ | ၉ | အဲဗာတန် |
| ၈။ | ဂီရောက်ဒ် | ၈ | အာဆင်နယ် |
| ၉။ | ရမ်ဆေး | ၈ | အာဆင်နယ် |
| ၁၀။ | နီဂရီဒို | ၈ | မန်စီးတီး |

### ဒီဇင်ဘာ ၂၉/၃၀ ဘောလုံးပွဲ ရလဒ်

| | | |
|---|---|---|
| လက်စတာ | ၅-၃ | ဘော်လ်တန် |
| ဘန်စလေ | ၁-၂ | ဒါဘီ |
| ဘုန်းမောက် | ၁-၁ | အစ်ဆွစ် |
| နော်တင်ဟမ် | ၂-၁ | လိဒ် |
| ချာလ်တန် | ၁-၁ | ရှက်ဖီးလ်ဝမ်းနက်စ်ဒေး |
| မစ်ဒယ်ဘရော့ | ၃-၀ | ရီးဒင်း |
| ဒွန်ကတ်စတာ | ၀-၀ | မီဝေါလ် |
| ဝက်ဖို့ဒ် | ၀-၀ | ကျူပီအာ |
| ဘလက်ဘန်း | ၂-၃ | ဘာမင်ဂမ် |
| ဝီဂန် | ၀-၀ | ဘန်လေ |
| ဘလက်ပူးလ် | ၀-၁ | ဘရိုက်တန် |
| ဟက်ဒါဖီးလ် | ၅-၁ | ယီအိုဗွီး |

သီဟ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကသာ-စင်းခန်းလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်းနှင့် မန္တလေး-တကောင်း-ဗန်းမော်လမ်းတို့တွင် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းခင်းကျောက်ရွယ်စုံ၊ သံချောင်းလုံးရွယ်စုံနှင့် ဘိလပ်မြေအိတ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် လမ်းခင်းကျောက်များအရေအတွက်၊ သံချောင်းလုံး၊ ဘိလပ်မြေအရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒု-အင်ဂျင်နီယာမှူးကြီး (မြို့ပြ)ရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂)၊ ကြားစခန်းရုံး၊ ကသာမြို့၊ ဖုန်း-၀၇၅-၂၅၉၇၈၊ ၀၉-၄၇၀၆၈၉၆၇တွင် ၁-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၁-၂၀၁၄ ရက် ၁၄း၃၀ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၁-၂၀၁၄ ရက် ၁၃း၃၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ အထူးစီမံကိန်းကြီး အဖွဲ့ခွဲ(၂)၊ ဗန်းမော်-(စင်းခန်း)စီမံကိန်းရုံးဝင်း၊ ဗန်းမော်မြို့နယ်၊ ဖုန်း-၀၇၅-၂၅၉၇၈၊ ၀၉-၄၇၀၆၈၉၆၇

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**




**ကံကောင်း**

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်**

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉**

**၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ပဲခူး)မှ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှကြီးမှူး၍ အသင်းဝင်များအား (၁) ပညာအခမဲ့သင်တန်းနှင့်(၂)ပဲခူးတိုင်းဒေသကြီးအလုပ်အမှုဆောင်သစ် ရွေးချယ်ဖွဲ့စည်းခြင်းကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ရာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ပညာပေးသင်တန်းဖွင့်လှစ်ခြင်းကို ၇-၁-၂၀၁၄ရက်နှင့် ၈-၁-၂၀၁၄ ရက်တို့တွင် နံနက်(၇)နာရီမှ ညနေ(၅) နာရီအထိလည်းကောင်း၊

(၂) အမှုဆောင်သစ်ရွေးချယ်ပွဲကို ၁၄-၁-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီမှ ညနေ၃ နာရီအထိ လည်းကောင်း၊

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ (၁၈/၂၄)၊ ရန်ကုန်-မန္တလေး လမ်းမကြီးဘေးတွင် ဖွင့်လှစ်ကျင်းပပါမည်။

**(ဖုန်း-၀၉-၅၁၁၀၄၇၅၊ ၀၉-၅၁၁၉၇၇၅၊ ၀၉-၄၂၀၀၅၁၅၂၄)**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 2E-7499 ၏ အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား(၂)ချပ်၂၅-၁၂-၂၀၁၃ရက်ညတွင် ပျောက်ဆုံးသွား၍ထုတ်ပေးရန် လျှောက်ထားခြင်း ဖြစ်သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါသည်။



ပြည်တွင်းသတင်း

# ဆာရာဝပ်ပြည်နယ် SHIN WANG သင်္ဘောကျင်းရှိ မြန်မာအလုပ်သမားများအရေးအတွက် သက်ဆိုင်ရာမှဆောင်ရွက်နေခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူနှင့်တွေ့ဆုံမေးမြန်းခြင်း

နေပြည်တော် ဒီဇင်ဘာ ၃၀

**မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် မီရီမြို့ရှိ SHIN WANG သင်္ဘောကျင်းမှ မြန်မာအလုပ်သမားများလုံခြုံရေးများနှင့် နေရပ်ပြန်လာနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန Consular Affairs ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးနှင့်ဆက်သွယ်၍ မလေးရှားရောက် မြန်မာအလုပ်သမားများအရေးကိစ္စနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။**

**မေး ။ ။ မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် မီရီမြို့မှာရှိတဲ့ မြန်မာအလုပ်သမားအချို့နဲ့ အင်ဒိုနီးရှားအလုပ်သမားတွေ ပြဿနာဖြစ်ပွားနေတယ်လို့ကြားသိရပါတယ်။ ဆရာတို့ နိုင်ငံခြားရေးဝန်ကြီးဌာနက စတင်သိရှိရတဲ့အခြေအနေကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ အဓိက ပြဿနာဖြစ်ပွားရခြင်းအကြောင်းရင်းက မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် မီရီမြို့မှာရှိတဲ့ မလေးရှား-ဘရူနိုင်း အာဆီယံချစ်ကြည်ရေးတံတားအနီးမှာရှိတဲ့ SHIN WANG သင်္ဘောကျင်းက မြန်မာနဲ့ အင်ဒိုနီးရှားအလုပ်သမားတွေ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာအလုပ်သမားအချို့လုပ်ငန်းခွင်ကအပြန်မှာ အင်ဒိုနီးရှားကအလုပ်သမားတွေနဲ့ ခိုက်ရန်ဖြစ်ပွားခဲ့ပါတယ်။ မြန်မာအလုပ်သမားတွေက အင်အားနည်းလို့ ထွက်ပြေးခဲ့ရာမှ အင်ဒိုနီးရှားအလုပ်သမားတွေက နောက်ကလာပြီး ရန်စတာကြောင့် ပြဿနာဖြစ်ပွားမှာစိုးရိမ်ပြီး မြန်မာအလုပ်သမားတွေကို ဂိုဒေါင်တစ်ခုမှာ ထားပေးခဲ့ခြင်းဖြစ်တယ်လို့ သတင်းရရှိခဲ့ပါတယ်။

ကြားနေရတဲ့သတင်းတွေက အစုံပါပဲ။ အဲဒီသတင်းရလျှင်ရချင်း မြန်မာသံရုံးက သံအရာရှိ ဦးလင်းမောင်မောင်ဝင်းနဲ့ အလုပ်သမားဝန်ကြီးဌာနက သံအရာရှိ ဦးစိုးဝင်းတို့နှစ်ဦးကို စေလွှတ်ခဲ့တယ်။ ကျွန်တော်တို့သံအဖွဲ့တွေ ရောက်ရှိမှသာ အခြေအနေမှန်ကို သိရှိရတာပါ။

ဖြစ်ပွားပုံကတော့ ဒီဇင်ဘာ ၂၃ ရက်က မြန်မာအလုပ်သမား မောင်လှိုင်ဝင်းနဲ့ မောင်တင်ထွန်းတို့ ဘဏ်မှာငွေထုတ်ပြီး ဈေးဝယ်လာချိန် လမ်းမှာ အင်ဒိုနီးရှားအလုပ်သမား ငါးဦးက ရန်စပြီးရိုက်နှက်လို့ ထွက်ပြေးခဲ့ရတယ်။ အဲဒီမှာ မြန်မာအလုပ်သမားအချို့နဲ့တွေ့လို့ပေါင်းပြီး ပြန်ခုခံကြတယ်။ ည ၈ နာရီခန့်မှာ အင်ဒိုနီးရှား အလုပ်သမား ၂၀၀ ကျော်က မြန်မာအလုပ်သမားတွေရဲ့ အဆောင်ကိုရောက်လာပြီး အုတ်ကျိုးတွေနဲ့ပစ်ပေါက်ရန်ရှာတာပါ။ ဒါ့ကြောင့် မြန်မာတွေက စုစည်းပြီး စက်ရုံကလူကြီးတွေထံ အကူအညီတောင်းခဲ့ရာမှာ စက်ရုံတာဝန်ရှိသူတွေက မြန်မာအလုပ်သမား ၉၈ ဦးကို ဂိုဒေါင်တစ်ခုမှာ စုစည်းထားပေးခဲ့တယ်။ ပြဿနာဖြစ်မှာစိုးရိမ်တဲ့အတွက် မြန်မာအလုပ်သမားတွေကိုအပြင်မထွက်စေဘဲ လုံခြုံရေးတာဝန်ရှိသူတွေလည်း ခေါ်ဆောင်ပေးထားခဲ့တယ်။

**မေး ။ ။ မြန်မာ အလုပ်သမားတွေရဲ့ နေထိုင်စားသောက်မှုအခြေအနေနဲ့ ထိခိုက်ဒဏ်ရာရရှိမှုရှိပါသလားဆရာ။**

ဖြေ ။ ။ ကျွန်တော်တို့ သံအရာရှိတွေက ဆာရာဝပ်ပြည်နယ် မီရီမြို့ သင်္ဘောကျင်းအထိ အဆင့်ဆင့်သွားရောက်ခဲ့တာပါ။ ဒီဇင်ဘာ ၂၈ ရက် ညနေမှာ ရောက်ရှိပြီး အလုပ်သမားတွေရဲ့ လိုအပ်ချက်တွေမေးမြန်းတယ်။ ဂိုဒေါင်မှာ စားဖို့အဆင်ပြေအောင် အလုပ်ရှင်နဲ့ညှိနှိုင်းပေးခဲ့တယ်။ စတင်ဖြစ်ပွားချိန်မှာ အဲဒီဒေသမှာ လာရောက်အလုပ်လုပ်နေတဲ့ ကိုကျော်ထွန်းဦးဆိုသူက ဆန်နဲ့ ရိက္ခာခြောက်တွေပါ လာရောက်လှူဒါန်းခဲ့တာ သိရပါတယ်။ ဖြစ်စဉ်အားလုံးကို မေးမြန်းနေဆဲဖြစ်ပြီး အင်ဒိုနီးရှားအလုပ်သမားတွေက စတင်ရန်စလို့ ခိုက်ရန်ဖြစ်ပွားခဲ့ရာမှာ နှစ်ဦးနှစ်ဖက်စလုံးထိခိုက်ဒဏ်ရာရရှိမှု မရှိဘူးလို့ သိရပါတယ်။

**မေး ။ ။ SHIN WANG သင်္ဘောကျင်းမှာ မြန်မာအလုပ်သမား စုစုပေါင်းအရေအတွက် ဘယ်လောက်အလုပ်လုပ်ကိုင်နေပါသလဲ။ အခြားနိုင်ငံတွေက အလုပ်သမားတွေရော ရှိပါသလားရှင့်။**

ဖြေ ။ ။ SHIN WANG သင်္ဘောကျင်းမှာ မြန်မာအလုပ်သမား အင်အား ၉၈ ဦး၊ အင်ဒိုနီးရှားအလုပ်သမား ၂၅၀ နဲ့ ဖိလစ်ပိုင်နဲ့တရုတ်နိုင်ငံသား စုစုပေါင်း ၄၀၀ ဝန်းကျင်ခန့် လုပ်ကိုင်နေတယ်လို့ သိရပါတယ်။



**နိုင်ငံခြားရေးဝန်ကြီးဌာန Consular Affairs ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦး။**

**မေး ။ ။ တာဝန်ရှိသူတွေအနေနဲ့ လက်ရှိဆောင်ရွက်ပေးနေတဲ့ အခြေအနေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ တာဝန်ရှိသူသံအရာရှိတွေက အလုပ်သမားတွေနဲ့ တိုက်ရိုက်တွေ့ဆုံပြီး အခြေအနေကို မေးမြန်းခဲ့ရာမှာ အလုပ်သမား ၉၈ ဦးခန့်အနက် အများစုကတော့ နေရပ်ကို ပြန်လာချင်တယ်လို့ ကြားသိရပါတယ်။ သို့သော်လည်း အလုပ်သမားတွေ စာချုပ်ချုပ်ဆိုထားတဲ့ကာလနဲ့ အလုပ်လုပ်ခဲ့တဲ့ သက်တမ်းတွေက မတူညီကြဘူး။ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ သံရုံးအရာရှိများနဲ့သက်ဆိုင်ရာ စက်ရုံကတာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံက အလုပ်အကိုင် ရှာဖွေပေးနေတဲ့အေးဂျင့်တွေက အလုပ်သမား ၉၈ ဦးကိုတွေ့ဆုံပြီး မြန်မာအလုပ်သမားတွေရဲ့ အခွင့်အရေး၊ လုံခြုံမှုတွေနဲ့ စာချုပ်ကိစ္စတွေကို ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ မလေးရှားနိုင်ငံရဲ့ ဥပဒေနဲ့အညီ အလုပ်သမားနဲ့ အလုပ်ရှင်စာချုပ်စာတမ်းကိစ္စတွေ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ မြန်မာသင်္ဘောကျင်းအလုပ်သမား ၉၈ ဦးက တရားဝင်အလုပ်သမားတွေလို့ သိရပါတယ်။ သူတို့တွေရဲ့ နေရပ်ကိုပြန်ချင်တယ်ဆိုတဲ့ ဆန္ဒကို သက်ဆိုင်ရာက ဘယ်လိုများစီမံပံ့ပိုးဆောင်ရွက်ပေးမှာလဲ သိပါရစေရှင့်။**

ဖြေ ။ ။ မြန်မာအလုပ်သမား ၉၈ ဦးက တရားဝင်စေလွှတ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေလို့ သိထားပါတယ်။ များသောအားဖြင့် မလေးရှားနိုင်ငံရဲ့ အလုပ်ရှင်အများစုက အလုပ်သမားတွေရဲ့ နိုင်ငံကူးလက်မှတ်တွေကို သိမ်းဆည်းထားတတ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့က ပြန်လာချင်သူတွေကို နေရပ်ပြန်နိုင်အောင်ကူညီပေးဖို့ ကြိုတင်စီစဉ်ထားတာတွေရှိပါတယ်။ ဒါပေမယ့် အလုပ်သမားတိုင်းကို ပြန်လည်ခေါ်ယူလို့မရနိုင်ပါဘူး။ အဓိကလုပ်ဆောင်ရန်အချက်ကတော့ မြန်မာနိုင်ငံသား ဟုတ်မဟုတ် စိစစ်ရခြင်းဖြစ်ပါတယ်။ တရားမဝင်နည်းလမ်းနဲ့ သွားတာလား စုံစမ်းရမှာပါ။ အချို့က မလေးရှားက Agent နဲ့လုပ်တာ၊ UNHCR ရဲ့ အထောက်အပံ့နဲ့ နေရသူလားဆိုတာ စုံစမ်းရမှာပါ။ မြန်မာနိုင်ငံသား စစ်မှန်တယ်ဆိုရင်တော့ ကျွန်တော်တို့က Certificate of Identity ကတ်တွေကို ထုတ်ပေးမှာဖြစ်ပြီး ဒုက္ခသည်တွေဆိုရင် ကျသင့်တဲ့ကန်ဒေါ်လာ ၅၀ ကိုမယူဘဲ အခမဲ့ထုတ်ပေးနေပါတယ်။

ပြန်လည်ခေါ်ယူဖို့အတွက် ကြိုတင်စုံစမ်းတွက်ချက်ခဲ့တာမှာ ဆာရာဝပ် မီရီလေဆိပ်ကနေ ကွာလာလမ်ပူ-ရန်ကုန်လေယာဉ် တစ်ကြောင်းစာအတွက် လူတစ်ဦးကို မလေးရှားရင်းဂစ် ၁၀၀၀ ကုန်ကျမယ်။ လေယာဉ်စင်းလုံးငှားမယ်ဆိုရင် (Airport Tax တွေမပါရင်) ရင်းဂစ် ၃၂၀၀၀ ကုန်ကျနိုင်ပါတယ်။ အလုပ်သမားတွေက အမှန်တကယ်မြန်မာနိုင်ငံသားတွေဖြစ်ကြပြီး နေရပ်ကို ပြန်ချင်တယ်ဆိုရင် ကျွန်တော်တို့က စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မလေးရှားနိုင်ငံက အလုပ်သမားတွေအတွက် ရန်ပုံငွေလှူဒါန်းတာရှိပြီး စုစုပေါင်း ယူရို ၁၁၈၅၆၆ လှူဒါန်းရရှိထားပါတယ်။ အဲဒီအလှူငွေတွေထဲက သုံးစွဲနိုင်ဖို့ သက်ဆိုင်ရာဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ သက်ဆိုင်ရာအေးဂျင့်၊ သံအရာရှိတွေ ဆွေးနွေးညှိနှိုင်းနေကြတာဖြစ်လို့ ရက်ပိုင်းအတွင်းမှာ ပြေလည်မှုရရှိနိုင်ပါတယ်။

မလေးရှားနိုင်ငံမှာ နိုင်ငံခြားသားအလုပ်သမား စုစုပေါင်း ၂၃ သိန်းခန့် အလုပ်လုပ်ကိုင်နေကြပြီး တရားဝင်အလုပ်သမားဦးရေမှာ ၁၀ သိန်းခန့်သာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တရားဝင်နှင့်တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေကြပြီး အလုပ်သမားအင်အား စုစုပေါင်းမှာ ၂၅၇၀၀၀ ခန့်ဖြစ်နေပါတယ်။ တရားဝင်အလုပ်သမားဦးရေမှာ ၁၁၀၀၀ ခန့်သာရှိကြောင်း မလေးရှားနိုင်ငံက ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ သိရှိရပါတယ်။

**အမေးအရေး-ခင်ရတနာ၊ ဓာတ်ပုံ-သိမ့်သိမ့်မိုး**

*❍ ကျောဖုံးမှ*

ဈေးကြီးအတွင်း ငါးဒိုင်ပေါင်း ၁၄၄ ဒိုင်နှင့် ငါးကုမ္ပဏီများ၊ ရေခဲစက်များကိုအမှီပြု၍ လှည်းဆွဲလုပ်သား၊ တောင်းထမ်းလုပ်သား၊ ဒိုင်လုပ်သား ၃၀၀၀ နီးပါး၏ ဘဝဝမ်းစာရှာဖွေရာ အဝန်းအဝိုင်းကြီး တစ်ခုလည်းဖြစ်သည်။ထို့အပြင် ဈေးကြီးကို အားထား၍ ငါးမြစ်ချင်းဒိုင် ၃၀ ခန့်မှ ငါးခြစ်လုပ်သားအင်အား ၁၀၀၀ နီးပါး ခူးခပ်၍ မကုန်နိုင်သော ထမင်းအိုးကြီး တစ်အိုးဟုလည်း ဆိုကြသည်။

ဆောင်း၏အအေးဒဏ်ကို အန်တုလျက် နံနက် ၂ နာရီ ၃ နာရီ လောက်ကတည်းကပင် လှိုင်မြစ်ကို သမ္ဗန်ငယ်များဖြင့် ကူးလာကြသူများ ဖြစ်သည်။

ထိုအထဲမှ ဖော်ရွေတတ်သော မိန်းမငယ်လေး တစ်ဦးဖြစ်သည့် အလတ်ချောင်းရပ်ကွက်မှ မစမ်းသီတာက "ဒီဈေးကြီးကများသောအားဖြင့် ကုန်မပြတ်တတ်ပါဘူး၊ တစ်ခါတစ်ခါ ကုန်ပြတ်တဲ့ရက်မျိုးဆို လမ်းစရိတ်တောင် တောင်းပြန်သွားရတဲ့ရက်မျိုးတွေ ရှိခဲ့ဖူးပါတယ်။ လက်လှုပ်နိုင်သလောက် ပါးစပ်ပါလှုပ်နိုင်တဲ့ ဘဝပါ၊ ဒီဈေးကြီးကတော့ ကျွန်မတို့ တစ်တွေအတွက် ကျေးဇူးရှင်ကြီးပါပဲ"ဟု သူ၏ဒဿနများကို ဖွင့်ချခဲ့သည်။ ငါးခြစ်လုပ်ခအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ ရသည်ဟုဆိုသည်။ ကုန်အမှာကျ၍ နံနက် ၅ နာရီမှ ညနေပိုင်းအထိ ခြစ်ပါက ပိဿာ ၂၀ ခန့်အထိ ခြစ်နိုင်ကြောင်း သိရသည်။

ပြီးခဲ့သောရက်များတွင် ဒီဇင်ဘာ ၂၃ ရက်က ငါးအဝင်မှာ ပိဿာချိန်အားဖြင့် ၂၉၆၃၄၅ ရှိခဲ့ကြောင်း ငါးဒိုင်များအသင်းရုံးမှတ်တမ်းအရသိရသည်။ ဒီဇင်ဘာ ၂၉ ရက်ကမူ အနယ်နယ်အရပ်ရပ်မှ ငါးပိဿာချိန် ၃၅၁၆၉၄ ပိဿာ အဝင်ရှိခဲ့ကြောင်းကိုလည်း မှတ်သားခဲ့ရသည်။ ၎င်းရက်၌ နယ်များသို့ ကုန်စည်ပို့ဆောင်မှုမှာ ကချင်သို့ ပိဿာ ၇၀ ဒသမ ၅၀၊ မန္တလေးသို့ ပိဿာ ၁၅၀၀၀၊ ရှမ်းပြည်နယ်သို့ ပိဿာ ၅၇၀၊ ပျဉ်းမနားသို့ ပိဿာ ၁၈၂၀၊ တောင်ငူသို့ ပိဿာ ၉၅၀၊ မကွေးသို့ ပိဿာ ၆၀၀၊ ပြည်သို့ ပိဿာ ၁၅၀၀၊ ရွှေဘိုသို့ ပိဿာ ၃၀၀ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဒိုင်ကြီးများ၏ လက်ကားရောင်းဈေးအားဖြင့် ငါးရံ့ တစ်ပိဿာ ငွေကျပ် ၂၅၀၀ မှ ၄၅၀၀၊ ငါးကျဉ်း၊ ငါးခူတစ်ပိဿာ ငွေကျပ်၂၅၀၀ မှ ၅၀၀၀၊ ငါးပြေမ တစ်ပိဿာ ငွေကျပ် ၂၅၀၀ မှ ၇၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ၁၈၀၀ မှ ၂၆၀၀ ငါးကြင်း တစ်ပိဿာငွေကျပ် ၂၈၀၀မှ ၄၆၀၀၊ ငါးသလောက်တစ်ပိဿာ ငွေကျပ် ၂၅၀၀ မှ ၉၀၀၀၊ ငါးတန်တစ်ပိဿာ ငွေကျပ် ၁၈၀၀မှ ၃၄၀၀၊ ငါးပုဏ္ဏား တစ်ပိဿာ ငွေကျပ် ၃၅၀၀မှ ၉၈၀၀၊ ပုစွန်ကျော့ တစ်ပိဿာငွေကျပ် ၂၂၀၀မှ ၂၈၀၀၊ ပုစွန်တုပ် တစ်ပိဿာ ငွေကျပ် ၁၂၀၀၀မှ ၂၆၀၀၀ အထိ ဈေးများရှိနေကြောင်း သိရသည်။

ဈေးနှုန်းများမှာ လက်ကားဒိုင်ဈေးနှုန်းများဖြစ်၍ ရပ်ကွက်အတွင်း ဈေးများရှိ လက်လီဈေးများနှင့် အနည်းငယ်ကွာခြားနိုင်သည်။

# လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**လပွတ္တာ ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၃၀ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာနှင့် ကမ်းနားဈေးအတွင်းရှိ ဦးဝတုတ် ၄၀ နှစ်၊ ဦးအောင်အောင်တို့ နေအိမ်အနီးမှ မီးစတင်လောင်ကျွမ်းခဲ့ရာ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်ဌေး၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်မျိုးမြင့်၊ ဦးစီးတပ်ဖွဲ့ဝင်များနှင့်အတူ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၇ နာရီတွင်မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**ကယ်ဆယ်ရေးစခန်းဖွင့်**

မီးလောင်မှုကြောင့် နေအိမ် ၄၃ လုံး၊ လူနေဈေးဆိုင်ခန်း ၁၇၀၊ ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၁၃ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ မီးဘေးဒုက္ခသည်များအား ကန်ဘက်ကျေးရွာ မဟာအောင်မြေဇံ ဘုန်းတော်ကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး မီးဘေးဒုက္ခသည်များကို ကယ်ဆယ်



ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုးဖြစ်သော ဒန်အိုး၊ ဒန်ခွက်၊ ဇလုံ၊ ဆပ်ပြာ၊ မဝတ်၊ ကျားဝတ်၊ ရေသန့်နှင့် စောင်တို့ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မီးလောင်ကျွမ်းခဲ့သည့် စုစုပေါင်း နေအိမ်၊ လူနေဈေးဆိုင်ခန်း ၂၁၃ လုံးမှာ သွပ်မိုးပျဉ်ကာအိမ် ၁၉၈ လုံး၊ တိုက် ၁၅ လုံးတို့ဖြစ်ကြောင်း သိရသည်။ **(မီးသတ်ဦးစီး)**



**လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ ကမ်းနားဈေး၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။**

## ပြည်တွင်းသတင်း

# ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း၏ခရီးအစ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်တွင်းလူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၏ခရီးအစ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်နှင့် ဖိတ်ကြားထားသူများက အထိမ်းအမှတ်အခမ်းအနားကို မိုးပျံပူဖောင်းများလွှတ်တင်၍ ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)



ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါများကို ကြိုတင်ကာကွယ်ရန်၊ ကာကွယ်၍ မရနိုင်သော ကင်ဆာရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိနိုင်ရန်၊ အများပြည်သူတို့အား ကျန်းမာရေးဗဟုသုတ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကုသ၍ပျောက်ကင်းနိုင်ခြေရှိသော ကင်ဆာလူနာများအား ကုသနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ယခုကဲ့သို့ လူမှုရေးအသင်းအဖွဲ့က ပူးပေါင်းဆောင်ရွက်ခြင်းကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပါမောက္ခ ဒေါ်မာလာသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကင်ဆာရောဂါ ကုသအောင်မြင်ထားသူ ဖောင်ဒေးရှင်းအဖွဲ့ဝင် လေးဦးက ၎င်းတို့၏ ကိုယ်တွေ့ဖြစ်စဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းသူများနှင့် ပါဝင်ကူညီသူများအား ဂုဏ်ပြုလွှာများပေးအပ်ပြီး ဖောင်ဒေးရှင်းဥက္ကဋ္ဌက ပထမဆုံး ပံ့ပိုးထောက်ပံ့ငွေပေးအပ်ကာ ပညာပေးပိုစတာ၊ လက်ကမ်းစာစောင်နှင့် ပညာပေးဗွီစီဒီအခွေများ ပေးအပ်ခဲ့သည်။

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူမှုရေးအသင်းအဖွဲ့တစ်ခု ဖြစ်ပြီး ဆေးပညာရှင်များ၊ ကင်ဆာရောဂါ လူနာများ၏ မိသားစုဝင်များ၊ ကင်ဆာရောဂါ ကုသအောင်မြင်ထားသော လူနာများဖြင့် အဓိကဖွဲ့စည်းထားသည့် ဖောင်ဒေးရှင်းဖြစ်သည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအတွင်း ကင်ဆာရောဂါ ကြိုတင်ကာကွယ်ရေး၊ အသိပညာတိုးပွားရေး၊ ကင်ဆာရောဂါ ကြိုတင်စစ်ဆေးခြင်း၊ ပျောက်ကင်းနိုင်ခြေရှိသော ဝေဒနာရှင်များအား ထောက်ပံ့ကူညီခြင်း၊ အခြားပြည်တွင်းပြည်ပ ကင်ဆာဖောင်ဒေးရှင်းများ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို အဆိုပါဖောင်ဒေးရှင်းက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဂျင်တီးနားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ana Maria Ramirez အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံ Mr. & Miss University ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံမှ ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲများကို သက်ဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်များတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်သည်။ ထို့အတူ ရန်ကုန်တက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ် ကျောင်းတွင်းပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲများမှအကောင်းဆုံးဆုရ ကာယဗလမောင်နှစ်ဦး၊ ကာယအလှမယ်နှစ်ဦးတို့ကို ရွေးချယ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ (အောက်မြန်မာပြည်)အတွက် ၂၀၁၃-၂၀၁၄ ပညာ သင်နှစ် Mr.University နှင့် Miss University ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ဒလ ဒီဇင်ဘာ ၃၀**

ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် မင်းရဲကျော်စွာ(၁)လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၉ရက် နံနက် ၁ နာရီ ၄၅ မိနစ်က မီးအားမြှင့်စက် အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။ **(အောက်ပုံ)**



အဆိုပါ မီးလောင်ရာသို့ ဒလမြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးကျော်သူအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်ယာဉ်နှစ်စီးတို့နှင့် ရပ်ကွက်ပြည်သူတို့ ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြသဖြင့် နံနက် ၂ နာရီ ၆ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှုတွင် အကျယ်ပေ ၂၀၊ အရှည် ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်အဆောက်အအုံဖြစ်သော ဗိုလ်ရန်ပြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး တစ်ရုံးသာ လောင်ကျွမ်းဆုံးရှုံးခဲ့ပြီး အနီးရှိ အိမ်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်းနှင့် ဒဏ်ရာရရှိသူများ မရှိကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

◆ ရှေ့ဖုံးမှ

စီစဉ်ပေးနိုင်ရေး၊ ကောင်းမွန်လုံခြုံသော ခရီးသွားလာမှုဖြစ်စေရေး၊ ခရီးစဉ်အသစ်များ ဖော်ဆောင်နိုင်ရေးတို့ ကြိုးစားဆောင်ရွက်ဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားဦးရေ စာရင်းအတိအကျ သိရှိနိုင်ရေးအတွက်လည်း လိုအပ်သည်ဖြစ်ရာ နိုင်ငံတကာအဆင့်မီ နည်းစနစ်များ အသုံးပြုကာ ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာရန် အထောက်အကူပြုမည်ဖြစ်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## နိုင်ငံတကာသတင်း

# ၂၄ နာရီမပြည့်မီ ဒုတိယမြောက်ပေါက်ကွဲမှု ဗော်လ်ဂိုဂရက်၌ ဖြစ်ပွား

**ဗော်လ်ဂိုဂရက် ဒီဇင်ဘာ ၃၀**

ရုရှားနိုင်ငံ၏ တောင်ပိုင်းမြို့တော် ဗော်လ်ဂိုဂရက်တွင် နှစ်ရက်အတွင်း ဒုတိယအကြိမ် အသေအပျောက် တိုက်ခိုက်မှုအဖြစ် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ထရော်လီဘတ်စ်ကားတစ်စီး တစ်စစီဖြစ်သွားပြီး လူ ၁၄ ဦး သေဆုံးသွားရသည့် ဖြစ်ရပ်တစ်ခု ယနေ့ဖြစ်ပွားခဲ့ရာ ဆောင်းရာသီ အိုလံပစ်ပွဲတော် ကျင်းပရန် ပြင်ဆင်နေသည့် ၎င်းနိုင်ငံတွင် နောက်ထပ်အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားလာမည့်အရေး ရတက်မအေးမှုများ မြင့်မားလာရပြီဖြစ်သည်ဟု သတင်းတစ်ရပ်က ဆိုသည်။

သမ္မတ ဗလာဒီမာပူတင်အဖို့ ဂုဏ်ယူဝင့်ကြွားဖွယ် စီမံချက်တစ်ရပ်ဟုဆိုရမည့် ၂၀၁၄ ခုနှစ် ဆိုချီအားကစားပွဲတော်ကြီးကျင်းပရန် ရက်သတ္တခြောက်ပတ် မရှိတရှိမျှသာ ကျန်တော့သည့် ယခုအချိန်တွင် ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုများကို တားဆီးနိုင်မှုမရှိသေးသည့် အားနည်းချက်များရှိနေသေးကြောင်း ယခုတိုက်ခိုက်ခံရမှုက သက်သေပြနေသည်။ ယနေ့နံနက်ပိုင်း ပျားပန်းခပ်စည်ကားချိန်တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် လမ်းပေါ်တွင် ရုပ်ပျက်ဆင်းပျက် အလောင်းများ ပြန့်ကျဲသွားခဲ့ရသည်။

အထက်ပါမြို့၏ အဓိက ဘူတာရုံကြီးတွင် လူ ၁၇ ဦး သေဆုံးခဲ့ရသော အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး ၂၄ နာရီမျှပင် မပြည့်သေးမီ ဒုတိယမြောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဖက်ဒရယ် ထောက်လှမ်းရေးက အကြမ်းဖက်သမားတို့၏ လုပ်ရပ်အဖြစ် ကင်ပွန်းတပ်လိုက်သည်။ **(ရိုက်တာ)**



ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အာဂျင်တီးနားသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ အန်နာ မာရီယာ ရာမီးရက်ဇ်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ အန်နာ မာရီယာ ရာမီးရက်ဇ်သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရ ကနူးကယက် အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (သတင်းစဉ်)



▲ *ရှေ့ဖုံးမှ*

ရင်ဝယ်ပိုက်ပြီး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ခဲ့ရပါကြောင်း။

ထိုသို့ ယှဉ်ပြိုင်ခဲ့သည့်အတွက်လည်း မြန်မာအားကစားသမားများအနေဖြင့် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်းဆုတံဆိပ် ၂၃၃ ခုရရှိပြီး နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပါကြောင်း။

မြန်မာ အားကစားသမားများအနေဖြင့် ၁၉၇၉ ခုနှစ် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၆ ခုနှင့် နိုင်ငံအလိုက် ရွှေတံဆိပ်တတိယ အများဆုံးရရှိသည့် နိုင်ငံဖြစ်ခဲ့ပြီးသည့်နောက်ပိုင်း၌ အောင်ပွဲနှင့်ဝေးကွာနေခဲ့ရာမှမောင်တို့မယ်တို့၏စွမ်းစွမ်းတမံကြိုးစားမှုကြောင့် ရွှေတံဆိပ် ဒုတိယအများဆုံးရရှိသည့် နိုင်ငံအဖြစ် အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းအောင်ပွဲများကို မောင်တို့မယ်တို့သည် သာလွန်သော ကြိုးစားအားထုတ်မှု၊ အနိုင်မခံ အရှုံးမပေးသော ရဲရင့်သည့်စိတ်ဓာတ်၊ သန့်ရှင်းသည့်အားကစားစိတ်ဓာတ်၊ မျှတသည့်ပြိုင်ဆိုင်မှု၊ စည်းလုံးညီညွတ်သည့် အသင်းအဖွဲ့စိတ်ဓာတ်တို့ဖြင့် ရယူပေးခဲ့ကြခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရန်အတွက် ၂၀၀၉ ခုနှစ်ကတည်းက စတင် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ပြင်ဆင်ရာတွင် နိုင်ငံတကာအဆင့်မီ အားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားအသုံးအဆောင်များ တည်ဆောက်ဖြည့်ဆည်းရန် ဆောင်ရွက်ခဲ့ရသကဲ့သို့ မောင်တို့မယ်တို့ အားကစားသမားများကိုလည်း စနစ်တကျရွေးချယ်လေ့ကျင့် ပျိုးထောင်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များ၊ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မြန်မာအားကစားသမားများကို စိတ်ဓာတ်ကြံ့ခိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်မြင့်မားမှုတို့ ပြည့်စုံစေရန်အတွက် အချိန်ယူဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ စနစ်တကျပြင်ဆင် ပြုစုပျိုးထောင်မှုများနှင့် မောင်တို့မယ်တို့၏ ကြိုးစားအားထုတ်မှုများ ပေါင်းစပ်လိုက်သည့်အတွက် ယနေ့ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများကို ရရှိလာခြင်းဖြစ်ပါကြောင်း။

အဆိုပါပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆု အသီးသီးရယူနိုင်ခဲ့သည့် အားကစားမောင်မယ်များအတွက် ဂုဏ်ပြုသကဲ့သို့ အကောင်းဆုံးယှဉ်ပြိုင်ကြိုးစားခဲ့ပြီး အကြောင်းကြောင်းကြောင့် ဆုတံဆိပ်များနှင့် လွဲချော်ခဲ့ရသော အားကစားမောင်မယ်များ၏ကြိုးပမ်းအားထုတ်မှုများကိုလည်း နိုင်ငံတော်နှင့်ပြည်သူများက အသိအမှတ်ပြု အားပေးလျက်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့်လွဲချော်ခဲ့ရသော်လည်း စိတ်ဓာတ်မကျဘဲ နောင်ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲဆင်နိုင်ရေးအတွက် မိမိတို့၏အားနည်းချက်၊ လိုအပ်ချက်များကိုပြုပြင်ပြီး ယခုကပင် ပြန်လည်လေ့ကျင့်ပြင်ဆင်ထားကြရန် တိုက်တွန်းလိုပါကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် သာမန်အားကစားပွဲထက် ပိုမိုလေးနက်သည့်အဓိပ္ပာယ် ဆောင်ခဲ့ပါကြောင်း၊ ဤပြိုင်ပွဲကြီးသည် အကြောင်းကြောင်းကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပြန်လည် ချိတ်ဆက်နိုင်ခဲ့သည့် အခမ်းအနားလည်း ဖြစ်ပါကြောင်း၊ ဤပြိုင်ပွဲကြီးသည် အစိုးရသစ်လက်ထက်တွင် ဆောင်ရွက်နေသော မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၏ တိုးတက်မှုကို နိုင်ငံတကာက အသိအမှတ်ပြုသည့် အခမ်းအနားလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံမိသားစုအသိုင်းအဝိုင်းတွင် မိမိရှိသင့်ရှိအပ်သည့်နေရာ၊ မိမိထမ်းဆောင်ရမည့်တာဝန်ကို ပြန်လည်ရယူထမ်းဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ အလားတူ မြန်မာပြည်သူများအနေဖြင့် မိမိတို့လုပ်နိုင်စွမ်းရှိသည်ကို နိုင်ငံတကာသို့ ထုတ်ဖော်ပြခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

ယင်းသို့ ထူးခြားလေးနက်သော ပြိုင်ပွဲကြီးတွင် နိုင်ငံ၏နေရာဒေသအသီးသီးမှ တိုင်းရင်းသား အားကစားမောင်မယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲများကို ရယူပေးခဲ့ကြပါကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် တစ်ကျော့ပြန်ပြီး အောင်ပွဲများရယူပေးခဲ့သော မောင်တို့မယ်တို့၏ စွမ်းပကားများကို ပြိုင်ပွဲဝင်နိုင်ငံများက အလေးအနက် ချီးကျူးဂုဏ်ပြုခဲ့ကြသည်ကိုလည်း တွေ့ရပါကြောင်း၊ မောင်တို့မယ်တို့သည် မြန်မာ့အားကစားကို ဒေသတွင်းပြိုင်ပွဲများတွင် ထိပ်တန်းအဆင့်သို့ ပြန်လည်တက်လှမ်းနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မောင်တို့မယ်တို့သည် ပြည်သူများအတွင်း မျိုးချစ်စိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်များ ရှင်သန်နိုးကြားလာအောင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ပြင် မျိုးဆက်သစ်အားကစားလူငယ်များ ပေါ်ပေါက်လာအောင် စွမ်းဆောင်နိုင်ခဲ့ကြပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ရှေ့ဆက်ရမည့် ခရီးလမ်းတွင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် မောင်တို့မယ်တို့အနေဖြင့် လိုအပ်သည့် စိတ်ဓာတ်ခွန်အားများကို ပေးအပ်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့၏ အောင်ပွဲသည် သန်း ၆၀ သော မြန်မာပြည်သူများ၏ အောင်ပွဲလည်း ဖြစ်ပါကြောင်း။



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်တုရင်အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြေးခုန်ပစ် အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဆုတံဆိပ်ရအားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အားကစားနည်းအမျိုးမျိုးတွင် ပါဝင်ယှဉ်ပြိုင်အောင်ပွဲခံခဲ့ကြသော အမိနိုင်ငံ၏ သားကောင်းရတနာ၊ သမီးကောင်းရတနာအားလုံးအတွက် ပြည်သူတစ်ရပ်လုံးက ဂုဏ်ယူဝမ်းသာလျက် ရှိကြပါကြောင်း၊ နိုင်ငံ၏သမိုင်းနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသမိုင်းတွင် ဂုဏ်ယူဖွယ်ရာမော်ကွန်းသစ်တင်နိုင်ခဲ့သည့် မောင်တို့မယ်တို့ကို မိမိအနေဖြင့် ပြည်သူများ၏ကိုယ်စား လေးလေးနက်နက်ချီးကျူးဂုဏ်ပြုပါကြောင်း။

မောင်တို့မယ်တို့ အနေဖြင့်လည်း ယခုအောင်ပွဲများနှင့်သာ ကျေနပ်နှစ်သိမ့်မနေဘဲ အနာဂတ်ပြိုင်ပွဲများတွင် ရရှိပြီးအဆင့်ထက် နိမ့်ကျမသွားအောင်၊ ယခုထက်ပိုမို အောင်မြင်အောင်၊ ယခုပြိုင်ပွဲတွင်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိုမာ အီဆာ အာမက်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

ဆုတံဆိပ်မရရှိခဲ့သူများ အနေဖြင့်လည်း နောင်ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲခံနိုင်အောင် မောင်တို့မယ်တို့ကို ဆက်ခံနိုင်မည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ပေါက်လာအောင် ဆက်လက်လက်ဆင့်ကမ်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း၊ မောင်တို့မယ်တို့ ကျန်းမာပျော်ရွှင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်သည့် အားကစားသမားများဘဝကို ထာဝရ ပိုင်ဆိုင်နိုင်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ဂုဏ်ပြုပွဲတွင် ဆီးဂိမ်းပြိုင်ပွဲ၌ အောင်ပွဲရရှိခဲ့ကြသည့် အားကစားသမားများကို ဂုဏ်ပြုသောအားဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မော်ကွန်းသစ်ဗီဒီယိုကို ပြသခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရွှေ၊ ငွေ၊ ကြေး ဆု တံဆိပ်ရ အားကစားအဖွဲ့များအားဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အောင်ပွဲရ အားကစားသမားများကိုယ်စား ရွှေတံဆိပ်သုံးဆုရ ဝူရှူးအားကစားသမား မောင်ဝေဖြိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ မြန်မာအားကစားသမားများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကမ်ပို အားကစားအဖွဲ့အားဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဦးညဏ်ထွန်း (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မွေ အားကစားအဖွဲ့အားဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (သတင်းစဉ်)

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများ၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ နည်းပြများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် ဆီးဂိမ်းပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသော စေတနာရှင် အလှူရှင်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

● *ကျော်ဖုံးမှ*

ဆောင်ရွက်ချက်၊ ရပ်တည်ချက်များနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပမီဒီယာများနှင့် ထိတွေ့ပြီး သတင်းများ ထုတ်ပြန်ပေးရန်ဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာမှုရှိမှုကို သတင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ထိပ်သီးအစည်းအဝေးများနှင့် ဝန်ကြီးအဆင့် အစည်းအဝေးများအတွင်း ပြည်ပမီဒီယာ ကိုယ်စားလှယ်များကို အထူးအလေးထားပြီး ဆက်ဆံဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ဝန်ထမ်းများကို Media Friendly ဖြစ်ရန်နှင့် Media Management ကို အသေအချာအကွက်ချဆောင်ရွက် လေ့ကျင့်ပေးရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာအနေဖြင့် ထိပ်သီးအစည်းအဝေးကဲ့သို့ အစည်းအဝေးများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် ဝန်ထမ်းများကို ကြိုတင်လေ့ကျင့်ခြင်း၊ Event Management ဝန်ဆောင်မှု လုပ်ငန်းများကို နိုင်ငံတကာအဆင့်အတန်းမီ ဆောင်ရွက်ပေးနိုင်ရန် ယခုကစပြီး စီမံထားရန်လိုအပ်မှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းမှ ဆီးဂိမ်း၏ အတွေ့အကြုံကိုရယူပြီး ဟိုတယ်များအနေဖြင့် မိမိတို့ လိုအပ်ချက်များကို တိုးတက်အောင် ပြင်ဆင်သွားကြရန် လိုအပ်မှာဖြစ်ပါကြောင်း၊ နိုင်ငံတော်ဧည့်ဂေဟာများကို အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အကြီးအကဲများ တည်းခိုနိုင်အောင် စီစဉ်ခြင်းဖြစ်သည့်အတွက် မိမိတို့၏ဝန်ဆောင်မှုအဆင့်အတန်းကို မြင့်မြင့်မားမား ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်စီစဉ်ထားကြရန်ဖြစ်ကြောင်း။

နေပြည်တော်လေဆိပ်နှင့်ပတ်သက်၍ အချိန်တိုအတွင်း ရောက်ရှိလာကြမည့် ဧည့်သည်တော်များ၏ လေယာဉ်များရပ်နားနိုင်ရန်၊ လေယာဉ်များအဆင်ပြေစွာ ဆင်းသက်နိုင်ရန်၊ အချိန်မီဆီဖြည့်တင်းပေးနိုင်ရန်နှင့် လေယာဉ်စီးခရီးသည်များအတွက် အစားအသောက်ပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပုဂ္ဂလိက Cartering Service များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း။

ဧည့်သည်တော်များ ပို့ဆောင်ရေးနှင့်ပတ်သက်၍ ပို့ဆောင်ရေးဆပ်ကော်မတီအနေနှင့် အရေးကြီးပုဂ္ဂိုလ်များပို့ဆောင်ရေးကို လုံလောက်အောင် စီစဉ်ပေးနိုင်ရန်၊ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်စဉ် နေပြည်တော်အတွင်း သွားလာရေး၊ နေပြည်တော်နှင့် ရန်ကုန်အကြား သွားလာရေး၊ ဟိုတယ်များနှင့် (MICC) အကြား သွားလာရေးများကိုလည်း စီမံဆောင်ရွက်ထားရမှာဖြစ်ပါကြောင်း၊ နေပြည်တော်တွင်ရှိသည့် Taxi Service, Sightseeing Bus Service, Shuttle Bus Service နှင့် Special Express Bus Service များကိုလည်း နေပြည်တော်ကောင်စီ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားကြရန် ဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့အနေဖြင့် ယာယီစားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက် ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်နိုင်အောင် သက်ဆိုင်ရာ (Shopping Centres)များ၊ ဈေးများနှင့်ညှိနှိုင်း၍ ဈေးပွဲတော်များ၊ ညဈေးများစီမံပေးရန် တိုက်တွန်းလိုပါကြောင်း၊ နေပြည်တော်ရှိ စားသောက်ဆိုင်များနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းမှု အဆင့်အတန်းမြင့်မားရေး၊ ဝန်ဆောင်မှုအဆင့် မြင့်မားရေးနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က စိစစ်ပြီး စားသောက်ဆိုင်များ၏ အဆင့်အတန်းကို နိုင်ငံတကာကဲ့သို့ သတ်မှတ်ပေးစေလိုပါကြောင်း။

လုံခြုံရေးသည် အဓိကအရေးကြီးသည့်အတွက် လုံခြုံရေးအသိအမြဲရှိနေရမှာ ဖြစ်ပါကြောင်း၊ လုံခြုံရေးတွင် ပြည်သူအများ ပါဝင်လာနိုင်အောင်၊ ရုတ်တရက်တုံ့ပြန်မှုများ (Rapid Response) ပြုလုပ်နိုင်အောင်ကိုလည်း ကြိုတင်ဆောင်ရွက်ထားကြရမှာဖြစ်ပါကြောင်း၊ ထိပ်သီးနဲ့ ဆက်စပ်အစည်းအဝေးများ၏ ဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ်များကို ဘဏ္ဍာရေးဆပ်ကော်မတီမှ ချမှတ်ပေးထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း အသုံးစရိတ်များကို အလေအလွင့်မရှိဘဲ ထိရောက်အောင် သုံးစွဲသွားကြရန်ဖြစ်ပါကြောင်း။

ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး AMM အစည်းအဝေးသည်လည်း အာဆီယံအစည်းအဝေးများတွင် အရေးပါသည့် အဓိကကျသော အစည်းအဝေးကြီးတစ်ခုဖြစ်၍ မြန်မာနိုင်ငံအနေနှင့် အိမ်ရှင်ကောင်းပီသစွာ လက်ခံကျင်းပသွားနိုင်ရန် အားထုတ်ကြိုးစားသွားကြရမှာဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သော နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် ဗဟိုကော်မတီအစည်းအဝေးတွင်လည်း သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံ ထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အစိုးရသာမက အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူများအားလုံးကပါ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပေါင်းစည်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

အာဆီယံဥက္ကဋ္ဌ တာဝန်ယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်ဦးရွက်ပြုမည့်သူများ အပြင် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ စုပေါင်းအင်အားများဖြင့် အလွန်ဂုဏ်ယူစရာကောင်းသည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို မိမိတို့နိုင်ငံအတွက် ဖန်တီးပုံဖော်ပေးကြပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံအသိုက်အဝန်းထူထောင်ရေးကိစ္စရပ်များ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး ကျင်းပရေးကိစ္စရပ်များနှင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူရေးဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၄ ခုနှစ်၌ မြန်မာနိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် အစည်းအဝေးများတွင် စီးပွားရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စီးပွားရေးဆိုင်ရာ အစည်းအဝေးများကျင်းပရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အစည်းအဝေးများ ကျင်းပရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ ဗဟိုကော်မတီဝင် ဦးကံချွန်က အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန် နိုင်ငံတော်ဧည့်ဂေဟာနှင့် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီးဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက မကြာမီကာလတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ ကျင်းပပြီးစီးသည့် ဆီးဂိမ်းပြိုင်ပွဲကြီးမှ အတွေ့အကြုံများကိုရယူပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် အောင်မြင်အောင် လုပ်ဆောင်သွားကြရန်လိုပါကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်အောင် ကျင်းပပြုလုပ်နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ပုံရိပ်သည် ယခုထက်ပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အိမ်ရှင်မြန်မာက ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည့် မျက်မမြင်ဂိုးဘောအားကစားသမားများ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားရှိပြီဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပ ပြုလုပ်လေ့ရှိသော အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးကို ယခုအခါ (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲအနေဖြင့် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ အိမ်ရှင်မြန်မာက လက်ခံကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင် မြန်မာမသန်စွမ်း အားကစားသမားများမှာ အသီးသီးစခန်းသွင်းလေ့ကျင့်လျက်ရှိနေကြသကဲ့သို့ မြန်မာနိုင်ငံက ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားနည်းဖြစ်သော မျက်မမြင် ဂိုးဘော အားကစားနည်းကို မျက်မမြင် ဂိုးဘောအားကစားသမား ၁၂ ဦးက စခန်းသွင်း လေ့ကျင့်လျက်ရှိနေကြပြီဖြစ်သည်။



**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ မြန်မာနိုင်ငံက ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားနည်းဖြစ်သော မျက်မမြင်ဂိုးဘောအားကစားပြိုင်ပွဲများအတွင်း အမျိုးသား မျက်မမြင်ဂိုးဘော အားကစားသမား ခြောက်ဦး၊ အမျိုးသမီးမျက်မမြင် ဂိုးဘောအားကစားသမား ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရပြီး အသင်းလိုက် အမျိုးသားတစ်သင်းနှင့် အသင်းလိုက်အမျိုးသမီးတစ်သင်းတို့ရှိနေကာ မြန်မာနိုင်ငံမှ နည်းပြ၊ အကူနည်းပြ၊ အုပ်ချုပ်သူသုံးဦးဖြင့် စီမံကွပ်ကဲ လေ့ကျင့်ပေးနေကြောင်း သိရသည်။ အာဆီယံမျက်မမြင် ဂိုးဘောအားကစားပြိုင်ပွဲများအတွင်း မြန်မာအပါအဝင် အမျိုးသား မျက်မမြင် ဂိုးဘောအားကစားသမား ခြောက်သင်းနှင့် အမျိုးသမီး မျက်မမြင် ဂိုးဘောအားကစားအသင်း သုံးသင်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တစ်ဖက်တွင် သုံးယောက် အသင်းလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြရကြောင်းလည်း သိရသည်။ ပြိုင်ပွဲဝင်တစ်ဖက်ခြမ်းကို ၁၂ မိနစ်နှင့် အာဆီယံ ပုံစံအတိုင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ပြီး ပွဲစဉ်များအတွင်း အသင်းလိုက်ယှဉ်ပြိုင် သုံးဦးစလုံးဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဘောလုံးပွဲစဉ်များအတိုင်း လူအစားထိုးပြောင်းနိုင်ကြောင်း သိရပြီး အဆိုပါ ဂိုးဘော ဘောလုံးကို ပွဲစဉ်အတွင်း ၁၀ စက္ကန့်ကြာအောင် ကိုင်ထား၍ မရကြောင်းနှင့် ၁၀ စက္ကန့်ပြည့်လျှင် အချက်ပေးဘဲလ်တီး၍ ပယ်နယ်တီ ပေးခံထိမည်ဖြစ်ကြောင်းလည်း သိရသည်။ လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ အဆောင်မှူးနှင့် မျက်မမြင်ဂိုးဘော အားကစားနည်းပြ ဦးအောင်စိုးဝင်းက "တစ်ဦးတည်းကို တစ်ပြိုင်တည်း သုံးကြိမ်ပစ်လို့မရပါဘူး။ သုံးကြိမ်ပစ်ရင် ပယ်နယ်တီပေးခံထိမယ်၊ တစ်ယောက်တစ်လှည့် ပစ်ရမယ်၊ ပွဲစဉ်အချိန်အတွင်းမှာ မျက်စိကို Eye Shape (မျက်စိအကာ)အုပ်ထားမယ်၊ အဲဒီ Eye Shape (မျက်စိအကာ) ကို ကိုင်လို့ မရပါဘူး။ ကိုင်ရင် ပယ်နယ်တီထိမှာပဲ။ တကယ်လို့ ကိုင်ချင်ရင် ဒိုင်လူကြီးအကူ ယူရမယ်။ ဆေးအဆင့်ပုံစံက မျက်မမြင် ဂိုးဘော အားကစားနည်းမှာ နည်းနည်းမြင် (တစ်စိတ်တစ်ဒေသမြင်)နဲ့ လုံးဝ မမြင်ဆိုတာရှိပါတယ်။ အဲဒီမမြင်ရတဲ့ မျက်စိကိုပဲ ကစားနည်းအတွက် ပိုမိုစိတ်ချမှုတွေဖြစ်အောင် မျက်စိကပ် ပလတ်စတာ ကပ်တယ်။ ပြီးမှ အပေါ်က Eye Shape(မျက်စိအကာ) အုပ်ထားပါတယ်။ ဒီကစားနည်းက ခြုံသံနားထောင်ပြီး ကစားရတာပါ။ ဘောလုံးထဲမှာ သူတို့မျက်မမြင် ဂိုးဘောအားကစားသမားတွေ ကြားနိုင်စေမယ့် ခြုံသံလုံးရှိပါတယ်။ ဒီခြုံသံကြားနိုင်ဖို့ ဘောလုံးတစ်လုံးမှာ အပေါက်ရှစ်ပေါက်ရှိပါတယ်။ ဘောလုံးအမျိုးအစားကလည်း လေဘောလုံးမဟုတ်ပါဘူး။ သားရေဘောလုံးအမျိုးအစားပါ။ အထဲက အသံကိုနားထောင်ပြီး ကလေးတွေက ဖမ်းရတာပါ။ ကလေးတွေက ကြည့်မြင်တိုင် မျက်မမြင်ကျောင်းနဲ့ ခဝဲခြံ မျက်မမြင်ကျောင်းကပါ။ အရင်တုန်းကတော့ ပြေးခုန်ပစ်ကစားကြတဲ့ကလေးတွေပါ။ ဒီဆီးဂိမ်းအတွက် စံချိန်စံညွှန်းရှိနိုင်မယ့် ကလေးတွေကို ဆွဲထုတ်လိုက်တာပါ" ဟုရှင်းပြသည်။

**ထောက်ပံ့ပေးထား**

အဆိုပါ မျက်မမြင် ဂိုးဘော အားကစားနည်းများမှ ပြိုင်ပွဲဝင် အားကစားသမားများအား မြန်မာနည်းပြများက စခန်းသွင်းလေ့ကျင့်ပေးနိုင်ရန်အတွက် လူမှုဝန်ထမ်း ဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုများဖြင့် ၂၀၁၁ ခုနှစ်ကတည်းက ဂျပန်နိုင်ငံမှ JICA ၏ ထောက်ပံ့မှုများ ရယူကာ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မသန်စွမ်း အားကစားနည်း ခေါင်းဆောင်မှုပိုင်းဆိုင်ရာများကို လေ့လာသင်ယူခဲ့ရကြောင်း၊ ပြန်လည်ရောက်ရှိချိန်၌ မသန်စွမ်းနှင့် ပတ်သက်သော အားကစားနည်းများကို တီးခေါက်မိလာပါကြောင်း၊ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရသောကြောင့် ဆုတံဆိပ်များ မမျှော်မှန်းရဲသေးပါကြောင်း၊ သို့ပေမယ့် မသန်စွမ်း အားကစားအဖွဲ့ချုပ်နှင့် နိုင်ငံတော်မှ ပြိုင်ပွဲဝင် မျက်မမြင် ဂိုးဘောအားကစားသမားများအတွက် နေထိုင်စားသောက်ရေးကို အပြည့်အဝ ထောက်ပံ့ပေးထားပါကြောင်းနှင့် ပွဲစဉ်များအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားရှိပါကြောင်းဖြင့် မျက်မမြင် ဂိုးဘောအားကစားနည်းပြ ဦးအောင်စိုးဝင်းက ဆက်လက်ပြောကြားသည်။

**စိုးဝင်း(SP)**




## မသန်စွမ်း(အပြေး)အားကစားသမားများ လေ့ကျင့်

**နေပြည်တော် ဒီဇင်ဘာ ၃၀**



နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ ဝင်ရန်အတွက် မြန်မာနိုင်ငံမသန်စွမ်း (အပြေး) အားကစားသမားများသည် ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက လေ့ကျင့်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မသန်စွမ်း အားကစား (အပြေး)လေ့ကျင့်မှုတွင် မြန်မာနိုင်ငံ မသန်စွမ်း(ပြေးခုန်ပစ်)အဖွဲ့မှ နည်းပြ ဦးမင်းအောင်၊ ဦးရဲဝင်းနှင့် အနီးကပ်ကြီးကြပ်ပေးသူ ဦးဆန်းလွင်တို့က မြန်မာမသန်စွမ်း(အပြေး)အားကစားသမားများအား ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိရေးအတွက် စနစ်တကျ လေ့ကျင့်နေကြောင်း သိရှိရပြီး အဆိုပါ ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် မသန်စွမ်း(ပြေးခုန်ပစ်) အားကစားအဖွဲ့အနေဖြင့် အနည်းဆုံး ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၁၅ ခု ကြေးတံဆိပ် ၁၅ ခုရရှိရေးမျှော်မှန်းထားပြီး ထိုမျှော်မှန်းချက် ပြည့်ဝရေးအတွက် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နည်းပြ ဦးမင်းအောင်က ပြောကြားသည်။ **ခင်ဇော်(မင်္ဂလာ)**


# ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၂ ခုနှစ်အတွက် တေးဂီတအကယ်ဒမီ ထူးချွန်ဆုကို ဆွတ်ခူးရရှိသော ဂီတမှူး ဦးဝင်းကို အား ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**Vocal Box Harmony**

**ကိုဖုန်း၊ ကလျာ၊ ဇင်မာ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၄၈၊ မြေညီ (ခေါင်းရင်းခန်း)အား ပိုင်ဆိုင်သူ မလှအေးသန်း ၁၁/ပဏတ(နိုင်)၀၃၈၄၇၂က ၄င်းပိုင်ဆိုင်သောတိုက်ခန်းကို ကျွန်မအား ရောင်းချသောကြောင့် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်သီတာထွန်း**

**ဖုန်း-၀၉-၅၁၇၇၉၅၄၊ ၀၁-၅၅၂၁၀၆**

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ ဦးပိုင်အမှတ် ( ၂၀၈၊ ၂၁ / ၂၂ ) ဧရိယာ ၀ဒသမ၁၀၆ ဧကရှိ ဦးပဇာဟာမက် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်မြမြသွင် ၉/ပမန(နိုင်)၀၂၄၇၂၇(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) (ဘ)ဦးသင်းမောင်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကျေးဇူး ဆပ်ပါမည်**

ကျွန်တော် ခင်အေးမောင် (ဘ) ဦးမောင်ယိုင်ဖြူ ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၈၅၁၀၀၀၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေနံ့သာစံပြ)၊ လူနေရပ်ကွက်အမှတ် (ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ် ၉၀၀၊ ၂၉လမ်းရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးကိုကိုလေး ၁၃/တကန(နိုင်)၁၃၀၅၈၂၊ မြေငှားစာချုပ်အမှတ် ၆၆၂/၉၄ ကိုင်ဆောင်သူအမည်ဖြင့်တည်ရှိသော နှစ် ၆၀ဂရန်မြေကွက်ဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် အလျားပေ၈၀×အနံ၆၅ပေ၊ စတုရန်းပေ ၅၂၀၀ရှိပြီး ယခုအခါအဆိုပါမြေကွက်အား ဦးကိုကိုလေးမှ ပြန်လည်ရောင်းချမည်ဖြစ်၍ ကျွန်မ၏မိတ်ဆွေမှ အဆိုပါမြေကွက်အားဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ (တရားလွှတ်တော်ရှေ့နေ)**
**၁၂/မရက(နိုင်)၀၂၇၃၁၅**
**ဖုန်း-၀၉-၅၀၂၉၅၆၆**

## ကန့်ကွက်နိုင်ပါသည်

သန်လျင်မြို့နယ်၊ လက်ယက်စမ်းအုပ်စု၊ မြယာရိုးကျေးရွာ၊အမှတ်(၅) နယ်မြေ၊ ယာမဏိတောင်ကွင်း၊ ကွင်းအမှတ် ၆၆၄၊ ဦးပိုင်အမှတ် ၁၁၆၊ ဧရိယာ ဒသမ ၄၉ ရှိမြေကို ပိုင်ဆိုင်သူ ဦးခင်မြင့်(ခ)ဦးဗိုလ်ခင် ၁၂/သလန(နိုင်) ၀၄၃၉၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိပါက ကျွန်ုပ်ထံ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော် (အထက်တန်းရှေ့နေ)**

**B.Sc, H.G.P, D.B.L, D.I.L, D.M.L, D.L-IP WIPO in Geneva**

**တိုက် ၆/၁/၃ ဆရာများရိပ်သာ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၅၁၅၆၆၈၃၊ E-mail:myomaw2007@gmail.com**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ စုစုပေါင်းသိုလှောင်ရုံ (၁၀)လုံးတို့အား မြေမပါ ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ဧရာဝတီတိုင်းဒေသကြီး**

**Lot(1)** (၁)(၇၂'×၅၀'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်) (၁/၈၁) အိုင်သပြု၊ လေးမျက်နှာမြို့နယ်
(၂)(၈၀'×၄၀'×၁၂') (သွပ်၊ ထရံ၊ ထရံ) (၆/၈၁) အိုင်သပြု၊ လေးမျက်နှာမြို့နယ်
(၃)(၁၄၄'×၅၀'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်) (၁/၇၈) အိုင်သပြု၊ လေးမျက်နှာမြို့နယ်

**Lot(2)** (၄)(၈၀'×၄၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (၁/၉၄)(၂/၉၄)(၄/၉၄) မြို့မ၊ လေးမျက်နှာမြို့နယ်

**Lot(3)** (၅)(၈၀'×၄၀'×၁၂') (သွပ်၊ ထရံ၊ ထရံ)(၅/၇၇)ခမောက်စု၊ (၈/၈၁)(၁၁/၈၂) ခတ္တာ လေးမျက်နှာမြို့နယ်

(ခ) **မွန်ပြည်နယ်**

**Lot(4)** (၆)(၁၀၀'×၄၀'×၁၃')(သွပ်၊ သွပ်၊ အင်္ဂတေ)မြေနီ(၁၁)၊ မုတ္တမသိုရုံ(၂)ဝင်း ပေါင်မြို့နယ်

(ဂ) **တင်ဒါရောင်းချမည့်ရက်** - ၃၁-၁၂-၂၀၁၃ ရက်မှ ၈-၁-၂၀၁၄ ရက်အထိ

**အချိန်** - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ဃ) **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** - ၉-၁-၂၀၁၄ရက်၊မွန်းတည့် ၁၂ နာရီ

(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁-၂၀၁၄ ရက် ၁၃း၀၀ နာရီ

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၊ မွန်ပြည်နယ်၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

(ဆ)**Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေ Lot(1)ကျပ်သိန်း(၂၀၀)၊ Lot(2)ကျပ်သိန်း၁၀၀၊ Lot(3)ကျပ် ၇၅သိန်း၊ Lot(4) ကျပ်၁၀သိန်း တို့ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်နှင့်မွန်ပြည်နယ်မြန်မာ့စီးပွားရေးဘဏ်တို့တွင် (P.O)Cheque ဝယ်ယူပေးသွင်းရမည်။

(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၅၂၀၊ မွန်ပြည်နယ် ဖုန်း-၀၅၇-၂၄၃၁၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ပြည်တွင်းသတင်း

# ကြက်သွန်နီအသစ်များ ခြောက်အားကောင်း၍အဝယ်လိုက်

**ရန်ကုန်   ဒီဇင်ဘာ   ၃၀**

ဘုရင့်နောင်ဈေးကွက်သို့ ယခုရက်ပိုင်း နေ့စဉ် ပိဿာချိန် နှစ်သိန်းဝန်းကျင် ဝင်ရောက်နေသော ကြက်သွန်နီများအနက် အဟောင်းများမှာ ဈေးနှုန်း ခုနစ်မျိုးအထိ ကြက်သွန်နီအရည်အသွေးပေါ်လိုက်၍ ရောင်းဝယ်ကြကြောင်း၊ ကြက်သွန်နီအသစ်များမှာ ခြောက်အားကောင်း၍ အဝယ်လိုက်လာပြီး ဈေးနှုန်းမှာ အလုံးကြီးအရွယ်အစားများ ဈေးမြင့်နေကြောင်း ငုဝါလမ်းရှိ ကြက်သွန်နီရောင်းသူတစ်ဦးက ဆိုသည်။

ကြက်သွန်နီအဟောင်းများ ပိန်ရှုံ့ခြင်း၊ အရောင်မှိန်ခြင်း၊ ဆောင်းလေအေးကြောင့် အမြိတ်အထွက်နှုန်းမြန်ခြင်းတို့ကြောင့် ပြည်တွင်းတွင်သာ ရောင်းချရာ မန္တလေးဈေးကွက်တွင် ကြက်သွန်နီအဟောင်း ရောင်းကွက်မရှိ၍ ရန်ကုန်ဈေးကွက်သို့သာ ကြက်သွန်နီအဟောင်းများ တင်ပို့ရောင်းချကြသည်။ အနိမ့်ဆုံး ငွေကျပ် ၁၀၀-၄၀၀-၅၀၀-၆၀၀မှ အမြင့်ဆုံးဈေးကျပ် ၃၅၀-၆၀၀-၇၅၀-၈၇၅ အကြားဈေးအမျိုးမျိုးဖြင့် ရောင်းချနေကြောင်း၊ မြင်းခြံအသစ်များမှာလည်း ငွေကျပ် ၁၈၀-၅၀၀-၇၀၀-၈၂၅မှ ငွေကျပ် ၄၀၀-၆၇၅-၈၀၀-၉၀၀ အတွင်း ရောင်းချပြီး မြစ်သားကြက်သွန်နီများ ငွေကျပ် ၇၀၀-၉၂၅-၉၇၅-၁၀၂၅ နှုန်း ရောင်းချရသည်ဟု သိရသည်။

ပြည်ပပို့ အရွယ်အစားဖြစ်သော ကြက်သွန်နီလတ်ချော ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ ဝန်းကျင်သာရှိရာ ပြည်ပပို့ရန် အဝယ်ရှိကြောင်း၊ ကြက်သွန်နီကို ဆိပ်ဖြူ၊ တောင်သာ၊ မြင်းခြံ၊ တောင်တွင်း၊ မန္တလေး၊ ရေနံချောင်း၊ မိတ္ထီလာ၊ မြစ်သားဒေသများတွင် အဓိကစိုက်ပျိုးပြီး အခြားနယ်များတွင် အနည်းအကျဉ်း စိုက်ပျိုးမှုရှိကြောင်း၊ မိုးကြက်သွန်နီအသစ်များ နှစ်စဉ်အကြမ်းဖျင်း နိုဝင်ဘာလကုန်တွင် ဈေးကွက်သို့ ဝင်ရောက်လေ့ရှိပြီး လှောင်လက်များ ဝယ်ယူသော နွေကြက်သွန်နီများ မတ်လကုန်ဝန်းကျင်တွင် ဈေးကွက်သို့ ဝင်ရောက်တတ်ကြောင်း ကြက်သွန်နီကုန်သည်များက ဆိုသည်။

အောက်တိုဘာလကုန်တွင် တစ်ပိဿာလျှင် အရွယ်အကြီးဆုံး ရှယ်စများ တစ်ပိဿာ ၁၂၂၅ ကျပ်နှုန်းဖြစ်ခဲ့ရာ ယခုနှစ်အတွက် ဈေးနှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင်မူ ရှယ်စများ တစ်ပိဿာ ငွေကျပ် ၁၈၅၀ အထိ ဈေးမြင့်ခဲ့ကြောင်း သိရသည်။

တရုတ်ဝယ်လက်မရှိသော ငရုတ်ဈေးကွက်တွင် ဈေးနှုန်းများကျလာရာ ဒီဇင်ဘာ ၂၆ ရက်တွင် ပျော်ဘွယ်မိုးကောင်းငရုတ် တစ်ပိဿာ ငွေကျပ် ၂၅၅၀-၂၇၀၀ နှုန်း၊ ပြည်ပငရုတ်ရှည် တစ်ပိဿာ ၂၈၂၅ ကျပ်နှုန်း၊ ဂျိုငရုတ်ရှည် ငွေကျပ် ၂၅၀၀ ၊ ရွှေအပ်ငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၄၀၀၊ စိမ်းစားငရုတ်ပွ ငွေကျပ် ၃၂၀၀-၃၅၀၀ နှုန်း၊ အသစ်ပြန်လည် ဝင်ရောက်လာသော ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာ ငွေကျပ် ၅၀၀၀ နှုန်းဖြစ်ကြောင်း ငရုတ်ပွဲရုံများမှ သိရသည်။

စားအုန်းဆီ ပြည်ပဈေးနှုန်း FOB တစ်တန်လျှင် ၈၄၅ ဒေါ်လာ ငွေလဲနှုန်း ၉၉၁ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၅၆၉ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်တွင် လက်ကားစားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၅၆၅ နှုန်းဖြင့် ရောင်းချကြောင်း၊ ယခင်ပတ် ဒီဇင်ဘာ ၁၆ရက်တွင် FOB တစ်တန် ၈၇၀ ဒေါ်လာနှုန်းဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ၁၆၀၃ ကျပ်ရှိပြီး ပြည်တွင်းရောင်းဈေး တစ်ပိဿာကျပ် ၁၅၈၀ နှုန်းရှိကြောင်း ဆီဈေးကွက်မှ သိရသည်။

ထန်းလျက်အသစ် မပေါ်ထွက်မီ လုပ်ငန်းသုံးများသော ပခုက္ကူထန်းကြမ်း၊ မလိုင်ကြမ်း၊ ရေစကြိုထန်းဖြူဈေးနှုန်းများ ဈေးမြင့်နေရာ ဒီဇင်ဘာ ၂၆ ရက်တွင် ပခုက္ကူထန်းကြမ်း တစ်ပိဿာ ငွေကျပ် ၉၀၀ ၊ မလိုင်ကြမ်း တစ်ပိဿာ ငွေကျပ် ၈၈၀၊ ရေစကြိုထန်းဖြူချော တစ်ပိဿာ ငွေကျပ် ၁၀၀၀ ရှိကြောင်း ဒီဇင်ဘာ ၂၆ ရက်တွင် ညောင်ဦးဆေးခပ်ထန်း တစ်ပိဿာ ငွေကျပ် ၈၇၀၊ မလိုင်ကြမ်း တစ်ပိဿာ ငွေကျပ် ၆၂၀၊ ပခုက္ကူထန်းကြမ်း တစ်ပိဿာ ငွေကျပ် ၆၃၀ ရေစကြိုကြမ်းဖြူ တစ်ပိဿာ ငွေကျပ် ၈၀၀ ဖြစ်ရာ ယခုနှစ် ဒီဇင်ဘာလကုန် ထန်းလျက်ဈေးနှုန်းများမှာ ယခင်နှစ် ကာလတူထက် ဈေးမြင့်နေပြီး ပခုက္ကူထန်းကြမ်း၊ မလိုင်ကြမ်း၊ရေစကြိုကြမ်းဖြူထန်းများမှာ ဈေးပိုမို မြင့်နေကြောင်း ထန်းလျက်ဈေးနှုန်းဟောင်းများ နှိုင်းယှဉ်ချက်အရ သိရသည်။ **ခင်ဆိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၁၂-၂၀၁၃

### ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၄၉၅၀၀-၆၁၁၃၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၄၉၅၀၀-၆၁၁၃၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၅-၉၉၃ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၄၇-၁၃၆၄ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၀-၇၈၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၀.၇ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅-၁၆ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅-၃၀၇ | ကျပ် |

### စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၈၀ ကျပ် |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၄၇၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၈၀၀-၃၂၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၈၀၀-၇၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၇၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၂၀၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၃၂၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။အမဲ | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ | ကျပ် |
| ၁၁။ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| ၁။ မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၅၀၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၆၀၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၁၀၀၀-၂၃၅၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၄၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၅၈ |
| ၆။ မြင်းခြံကြက်သွန်နီ(အသစ်) | တစ်ပိဿာ | ၂၀၀-၈၀၀ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၀၇၅-၁၁၀၀ |
| ၉။ အာလူး(အောင်ပန်း) | တစ်ပိဿာ | ၆၂၀-၇၅၀ |
| ၁၀။ မိုးထောင်ငရုတ် (ပျော်ဘွယ်) | တစ်ပိဿာ | ၂၅၀၀-၂၇၀၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀၀-၅၂၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၉၀၀-၉၃၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**




ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကယားပြည်နယ်၏ အထင်ကရ ကျတ်ဂူသို့ ပြည်တွင်းပြည်ပခရီးသွားများလာရောက်လေ့လာမှုများပြား

**လွိုင်ကော် ဒီဇင်ဘာ ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း လွိုင်ကော်မြို့၏ အရှေ့ဘက်ကိုးမိုင်ခန့်အကွာ လွိုင်ကော်-ရှားတောမော်တော်ကားလမ်းဘေးရှိ ကယားပြည်နယ်၏ အထင်ကရကျတ်ဂူခေါ် သဘာဝကျောက်လိုဏ်ဂူကြီးသို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလာကြောင်း သိရသည်။

ကျတ်ဂူခေါ် သဘာဝကျောက်လိုဏ်ဂူကြီးသို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလာရခြင်းမှာ ကယားပြည်နယ်အတွင်း၌ လုံခြုံရေးစိတ်ချရမှုရှိလာခြင်း၊ လွိုင်ကော်-ရှားတော မော်တော်ကားလမ်းကောင်းမွန်လာခြင်း၊ လွိုင်ကော်-ရှားတောမော်တော်ကားလမ်းမှ ကျတ်ဂူအထိ မော်တော်ကားလမ်းဖောက်လုပ်ထားခြင်း၊ ကျတ်ဂူရှိရာတောင်စောင်းသို့ တက်ရောက်ရန် တောင်တက်လမ်းကို အုတ်လှေကားခင်းခြင်း၊ ကျတ်ဂူရှိရာနေရာတောင်ခြေတွင် နားနေဆောင်ဇရပ်ကြီးများ ဆောက်လုပ်ထားခြင်းစသည့် သွားလာနားနေရေးအဆင်ပြေလွယ်ကူစေရန် ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးထားပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

လွိုင်ကော်-ရှားတောမော်တော်ကားလမ်းမှ ကျတ်ဂူရှိရာတောင်ခြေအရောက် ၂ ဖာလုံ၊ ပေ ၄၅၀ ရှိ ကတ္တရာလမ်းကို ဒီဇင်ဘာ ၂ ရက်တွင် စခင်းရာ ဒီဇင်ဘာ ၂၈ ရက်တွင် ပြီးစီးခဲ့သည်။ လုပ်သားအင်အား ၄၅ ဦးဖြင့် အားချင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တောင်ခြေမှ ကျတ်ဂူရှိရာနေရာအရောက်အလျားပေ ၃၀၀ရှိပြီး လှေကားထစ်ပေါင်း ၁၃၀ ခန့်ရှိသည့် အုတ်လှေကားကိုလည်း လုပ်သားအင်အား ၁၈ ဦးဖြင့် ဒီဇင်ဘာ ၁၁ ရက်တွင် စတင်တည်ဆောက်ရာ ဒီဇင်ဘာ ၂၈ ရက်တွင် ပြီးစီးပြီဖြစ်သည်။ အုတ်လှေကားမှာ သတ္တုလက်ရန်းတိုင်များပါဝင်ပြီး ကုန်ကျစရိတ်စုစုပေါင်းငွေကျပ် ၄၅ သိန်းဖြစ်ကြောင်း သိရသည်။ ကျတ်ဂူတောင်ခြေတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၂၄ ပေ ရှိ နားနေဆောင်ဇရပ်ကြီးနှစ်ခုကိုလည်း တည်ဆောက်ထားသည်။

ယခုအခါ ကျတ်ဂူဝန်းကျင်ရှိ သဘာဝရေမြေတောတောင်များ စိမ်းလန်းစိုပြည်စေရန် ကျတ်ဂူသဘာဝကာကွယ်တောအဖြစ် သတ်မှတ်ထားရာ သဘာဝကာကွယ်တော၏အကျယ်အဝန်းမှာ ၁၆၆ ဧကဖြစ်ကြောင်း သိရသည်။ ယခုအခါကျတ်ဂူသဘာဝကာကွယ်တောအတွင်း၌ မျောက်၊ ဆတ်၊ ချေအစရှိသော တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်လျက်ရှိကြသည်။ ကျတ်ဂူသဘာဝကာကွယ်တောအတွင်း လာရောက်လေ့လာသူများအနေဖြင့် မူးယစ်သောက်စားခြင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ မဖွယ်မရာနေထိုင်ပြောဆိုခြင်း၊ သဘာဝအရင်းအမြစ်အနေအထားများဖျက်ဆီးခြင်း စသည်တို့မပြုကြရန်၊ ဂူအတွင်း လက်နှိပ်ဓာတ်မီးယူဆောင်သွားကြရန်နှင့် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်းသာ ဝင်ရောက်လေ့လာကြရန် သတိပေးဆိုင်းဘုတ်ကြီးများ စိုက်ထူထားသည်။

ယခုအခါ လွိုင်ကော်မြို့မှ ကျတ်ဂူသို့သွားသော မော်တော်ကားလမ်းတစ်လျှောက်၌ ကျတ်ဂူသို့သွားရောက်လေ့လာသူများ၏ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များကို နေ့စဉ်နှင့်အမျှတွေ့ရှိနေရပြီး နောက်နောင်တွင် ကျတ်ဂူသွားရာလမ်းတစ်လျှောက် စားသောက်ဆိုင်၊ ကုန်မျိုးစုံဆိုင်များ ပေါ်ထွန်းလာဖွယ်ရာအကြောင်းရှိရာ ဒေသခံများအနေဖြင့် ကျတ်ဂူကိုအမှီပြု၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ရောင်းရေးဝယ်တာကောင်းမွန်ခြင်း၊ ပြည်တွင်းပြည်ပခရီးသွားများထံမှ အတွေ့အကြုံဗဟုသုတများရရှိခြင်းစသည့် ကောင်းကျိုးများခံစားရရှိလာနိုင်ဖွယ်ရာအကြောင်းရှိနေပြီဖြစ်ကြောင်း ဒေသခံများက ဝမ်းမြောက်စွာ သုံးသပ်ပြောဆိုကြလျက်ရှိသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**






## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်မှ မြို့နယ်တရားရုံးများသို့ ဖက်စ်နှင့် လက်နှိပ်စက်များပေးအပ်

**ပဲခူး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး ၃၂ ရုံးသို့ ဖက်စ် ၃၂ လုံးနှင့် မြန်မာလက်နှိပ်စက် ကိုးလုံးပေးအပ်သည့်အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ပဲခူး၊ တောင်ငူ၊ သာယာဝတီ၊ ပြည်ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဦးမောင်မောင်ရွှေက အမှာစကားပြောကြားပြီး မြို့နယ်တရားရုံး ၃၂ ရုံးသို့ ဖက်စ် ၃၂ လုံး၊ မြို့နယ်တရားရုံးကိုးရုံးသို့ မြန်မာလက်နှိပ်စက် ကိုးလုံးပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်**

## ကျေးလက်မြေသားလမ်းဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၇၈၆ သိန်းဖြင့် မဇ္ဈိမသာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ မိုးကောင်းမြို့နယ် ပင်းဘော-ချောင်းဝမြေသားလမ်း ၆ မိုင်ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနေသူရိန်စိန်လှုတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန် စံညွှန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(၀၆၂)**

## သီးနှံလျော်ကြေးငွေပေးအပ်

**ဇီးကုန်း ဒီဇင်ဘာ ၃၀**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့ပိုက်လိုင်းဆောင်ရွက်ရာတွင် ပျက်စီးသွားသော အသီးအနှံများအတွက် လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြီးကြပ်ရေး အင်ဂျင်နီယာ ဦးမျိုးဇော်မင်းက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းမှ အင်းရွာ-ပြည် လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်ရာ လမ်းအူကြောင်းတစ်လျှောက် ပျက်စီးသွားသော သီးနှံများအတွက် လျော်ကြေးငွေပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် ပျက်စီးသွားသောသီးနှံများ ၂၉ ဒသမ ၅၉ ဧကအတွက် ငွေကျပ် ၃၁၈၈၁၆၀၀ ကို တောင်သူ ၁၀၇ ဦးအား တစ်ဦးချင်းစီပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)

### ကားအမြန်ရောင်းမည်

၂၂ ဘီးကား၊ ၁င/----၊ ဟွန်ဒိုင်း (2004) Gold 440 ၁၀ ဘီးခေါင်းနှင့် နောက်တွဲဆိုင်းအပါအဝင်။

**ဖုန်း-၀၉-၅၁၀၂၃၄၉၊ ၀၉-၈၇၀၀၁၅၀**

### သွေးသည် အသက်

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ ဒေါက်တာသိန်းမော်-ဒေါ်စမ်းစမ်းကြည်တို့၏သား

**ဒေါက်တာအောင်မြတ်မော်**

**M.B.,B.S (MDY), M.Med. Sc (OG)**

**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်**

**နှင့်**

ရန်ကုန်မြို့နေ ဦးစိန်မင်းအောင်-ဒေါ်ဌေးဌေးတို့၏သမီး

**ဒေါက်တာအေးစုမာလာအောင်**

**M.B.,B.S (YGN), 1st year, M.Med. Sc (Radiology)**

**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

တို့အား နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ၂၉-၁၂-၂၀၁၃ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာအောင်မြတ်မော်-ဒေါက်တာအေးစုမာလာအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ မြေတိုင်းအမှတ်(၇-H)၊ မြေကွက်အမှတ်(၉)၊ မြေအမည်ပေါက် မေဂျာလှသင်း-ဒေါ်ထားထား၊ ကပ္ပတိန်သာထွန်း-ဒေါ်ကြူးရင်၊ မြေဧရိယာ ၂ ဒသမ ၆၅၄ ဧကအနက်မှ ဦးသာထွန်း-ဒေါ်ကြူးရင်တို့ပိုင်ဆိုင်သည့် မြေကွက်ကြီး၏ တောင်ဘက်ခြမ်းထက်ဝက်တိတိဖြစ်သော မြေဧရိယာ ၁ ဒသမ ၃၂၇ဧကရှိမြေကွက်အား မြေအမည်ပေါက်ပါဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသာထွန်း-ဒေါ်ကြူးရင်တို့ထံမှ ၁၉၆၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ဦးဥက္ကါ-ဒေါ်ခင်အေးဆွေတို့မှ အပြီးအပိုင်ဝယ်ယူခဲ့ကြပါသည်။ ဦးဥက္ကါ-ဒေါ်ခင်အေးဆွေတို့ထံမှ ဖော်ပြပါတောင်ဘက်ခြမ်း၊ မြေကွက်အမှတ်(၉-A)၊ မြေဧရိယာ ၁ ဒသမ ၃၂၇ ဧကအနက်မှ မြေတစ်စိတ်တစ်ဒေသအား ၂၅-၇-၁၉၈၄ရက်တွင် ကျွန်တော် ဦးသန်းထွန်းနှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့က မြေအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်အသုံးပြုနေထိုင်လျက်ရှိပါသည်။ ယခုအခါတွင် ကျွန်တော် ကျွန်မတို့ ပိုင်ဆိုင်ထားသည့်မြေအား တရားဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ မြေအမည်ပေါက်ဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းထွန်း-ဒေါ်ခင်ခင်ဝင်း**
**အမှတ် ၅၉(ခ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၁-၆၄၂၉၃၉**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့နေ
ဦးထွန်းတင် (လ/ထ ကထိက-ငြိမ်း) လျှပ်စစ်ဌာန၊ နည်းပညာကောလိပ်-ဒေါ်ချိုနီ(ခ)ဒေါ်သင်းသင်းလှိုင်တို့၏
တစ်ဦးတည်းသောသား

**ဗိုလ်ကြီးမန်းဘဟန်ထွန်း**

**M.B.,B.S (D.S.M.A); M.Med.Sc(Surgery)**

**နှင့်**

ရန်ကုန်မြို့နေ
ဦးသန်းထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လေကြောင်း)-(ဒေါ်သန်းသန်းဦး)တို့၏
တစ်ဦးတည်းသောသမီး

**ဒေါက်တာယဉ်ဖြူကို**

**M.B.,B.S(Ygn)**

**လက်ထောက်ဆရာဝန်၊ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**

တို့၏ ၂၈-၁၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မင်္ဂလာပန်းကုံးများနှင့် မင်္ဂလာလက်စွပ်များဆင်မြန်းပေးပါသော ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးဒေါ်စုညွှန့်ဦးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နယ်ဘက်မှဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဟေမာနေဝင်းနှင့် တေးဂီတ စန္ဒရားဦးသိန်းမြင့်သန်းအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ဒေါက်တာသီရိဝင်းထိန်၊ မင်္ဂလာအောင်ပန်းကုံးကိုင်ဆောင်ပေးသော မစုစုစံ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာသဇင်ဝေလင်း၊ သတို့သားအရံ ဗိုလ်ကြီးဟိန်းမြင့်အောင်၊ ဗိုလ်ကြီးရန်လင်းမောင်၊ သတို့သမီးအရံ ဒေါက်တာမေဖြူသော်၊ ဒေါက်တာပြုံးဇာခြည်အောင်၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ ပြည်စိုးအောင်၊ ပန်းအလှပြင် လင်းလင်း၊ မိတ်ကပ်နှင့်ဆံပင်အလှ ဒီဇင်ဘာနှင်း၊ မှတ်တမ်းတင်ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော Forever အားလည်းကောင်း၊ ဒဂုံပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများစီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးသော ဝန်ထမ်းမိသားစုများ၊ မိတ်ဆွေများနှင့် ၁၆-၁၂-၂၀၁၃ ရက်တွင်ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာရေးထိုးပွဲအား ကြီးကြပ်ဦးဆောင်ကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၂၂-၁၂-၂၀၁၃ ရက်တွင် ရွှေဘုန်းပွင့်ကျောင်းတော်ကြီးတွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမန်းဘဟန်ထွန်း-ဒေါက်တာယဉ်ဖြူကို**

ကြော်ငြာ


KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၄)ဘဏ်ခြောက် တိုက်ကြီးဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် တွင်

၃၁.၁၂.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**တိုက်ကြီးဘဏ်ခွဲ**

အမှတ်(၂၀၉)၊ ရန်ကုန်–ပြည်လမ်းမကြီး၊ ဘူတာရပ်ကွက်၊
တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၅၅) ၂၁၁၇၀/ ၇၁/ ၇၂/ ၇၃/ ၇၇

ဖက်စ် – (၀၅၅) ၂၁၁၇၄/ ၇၅/ ၇၆

www.kbzbank.com

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးသို့

မကြာမီရက်ပိုင်းက ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ရန်ကုန်မြို့မှ ဘုရားဖူးယာဉ်ဖြင့် လိုက်ပါခဲ့ရသည်။ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် ရန်ကုန်မြို့မှ ခရီးမိုင် ၁၀၉ မိုင်သာ ကွာဝေးသည်။ ည ၉ နာရီခွဲတွင် စတင်ထွက်ခွာလာသော ဘုရားဖူးယာဉ်ကြီးမှာ နံနက် ၂ နာရီခန့်တွင် ကျိုက်ထိုမြို့သို့ ရောက်ရှိပြီး ကျိုက်ထီးရိုးတောင်တက်ရန် ကင်မွန်းစခန်းသို့ နံနက် ၂ နာရီခွဲခန့်တွင် ရောက်သည်။ ကျိုက်ထိုမြို့မှ ကင်မွန်းစခန်းသို့ ၉ မိုင် ၄ ဖာလုံခန့်သာ ကွာဝေးသည်ဟုသိရသည်။ ကင်မွန်းစခန်းတွင် ခေတ္တနားပြီး နံနက် ၅ နာရီမှ တောင်တက်မော်တော်ယာဉ်လိုင်းများ စတင်ပြေးဆွဲမည်ဟု သိရသည်။

ရင်ပြင်သို့ ပြေးဆွဲပေးသောမော်တော်ယာဉ်လိုင်းမှာ ၄-၁-၁၉၉၃ ရက်နေ့က စတင်ပြေးဆွဲပြီး ကင်မွန်းစခန်းတွင်အလှည့်ကျဂိတ်ထိုးသည်။ တစ်စီး ပြီးတစ်စီး ဘုရားဖူးများပြည့်သွားသည်။ မော်တော်ယာဉ်များမှာ ခိုင်ခံ့ကောင်းမွန်သော မော်တော်ယာဉ်များဖြစ်သည်။ လမ်းအကျယ်ပေ ၃၀ ခန့်ရှိပြီး အချို့နေရာမှာ ၁၈ ပေသာရှိသည်။ ရှေ့ခန်းတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၊ နောက်ခန်းမှ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။ ထိုမှရသေ့တောင်ယာဉ်ရပ်နားစခန်းမှ အတက်ကြီးကြီး အထပ်များများ အကွေ့များကို ဖြတ်ကျော်ပြီးနောက် စေတီတော်ကြီးရှိရာ ရင်ပြင်တော်ကို လှမ်းမြင်ရပြီး ယာဉ်ရပ်နားစခန်းတွင် ရပ်နားသည်။



မိုးမလင်းမီအချိန်အတွင်း ယာဉ်ရပ်နားရာစားသောက်ဆိုင်တွင် တည်းခိုအိပ်ကြရသည်။ ၁၀ ပေပတ်လည်အခန်းတွင် နှစ်ယောက်စာအိပ်ရာ၊ စောင်၊ ခြင်ထောင်နှင့် လျှပ်စစ်မီးတစ်လုံးထွန်းညှိပေးထားသည်။ တစ်ခန်းလျှင်ငွေကျပ် ၆၀၀၀ ပေးရသည်။ အခမဲ့တည်းခိုနားနေနိုင်သော နေရာကျယ်လည်းရှိသည်။ သို့သော် ရာသီဥတုမှာ အေးမြလွန်းသဖြင့် အတန်ငယ်လုံသောအခန်းများငှား၍ နားကြသည့်တိုင်အောင် အိပ်ပျော်ခြင်းသို့ မရောက်နိုင်၊ ဘုရားဖူးယာဉ်များဖြင့် လိုက်ပါလာသူများ၏ အော်ဟစ်စကားပြောသံများ၊ ဆူညံသံများ၊ ခြေသံပြင်းပြင်းများက မိုးလင်းအထိနှိပ်စက်ကြလေသည်။

ဘုရားဖူးမော်တော်ယာဉ်ကြီးများသည် ဘုရားဖူးများ၏ဆန္ဒအရ ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်တွင် တစ်ညအိပ်၊ နှစ်ညအိပ်စသဖြင့် လက်မှတ် အသွားအပြန်ဝယ်ယူနိုင်သည်။ တစ်ညအိပ်ခရီးတစ်ဦးလျှင် အသွားအပြန် ခရီးစဉ်အတွက် ငွေကျပ် ၁၀၀၀၀၊ နှစ်ညအိပ်ဆိုပါက ငွေကျပ် ၁၂၀၀၀ ပေးရသည်။

**ယခင်ကာလ**

ကင်မွန်းစခန်းမှာ ယခင်ကာလများထဲက စားသောက်ဆိုင်များ၊ ဒေသထွက်အမှတ်တရပစ္စည်းများ ရောင်းချသောဆိုင်များရှိခဲ့ပြီး စားသောက်ဆိုင်များတွင် ဘုရားဖူးများမှာ အခမဲ့တည်းခိုနေနိုင်ကြသည်။ ငယ်ဘဝက ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ခြေကျင်ခရီးဖြင့် သွားကြရာ ရင်ပြင်တော်ပေါ်အထိ ခုနစ်မိုင်ခွဲရှိသော တောတောင်လမ်းဖြစ်သည်။ ကင်မွန်းစခန်းမှ ခရီးတစ်မိုင်သည် ပြေပြစ်သောလမ်းဖြစ်ကာ လမ်းတစ်လျှောက်တောစခန်းများကို ဖြတ်သန်းသွားရသည်။ တောတောင်အလှအပများအပြင် ရေမြောင်ကလေးအရောက်တွင် တောင်ကျရေများကိုမြင်တွေ့ရပြီး တံတားလေးဖြင့် ကူးခဲ့ရသည်။ ချောင်းရေများကို ကြည့်ရှုသွားလာရသဖြင့် ပျော်စရာကောင်းလှပါသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်သို့ ရောက်ကြသောအခါ လက်ထဲပါသမျှပစ္စည်းများချကာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို အကြိမ်ကြိမ်ဦးချခဲ့ကြသည်။ ပင်ပန်းသမျှ ညောင်းညာကိုက်ခဲနေသမျှ တောင်တန်းများပေါ်က ဖြတ်တိုက်လာသောလေပြည်လေပြင်းများနောက်ပါသွားခဲ့ရသည်။

ယနေ့ ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လမ်းတွင် စေတီတော်ရင်ပြင်တော်သို့ အသွားလမ်းတွင်ဈေးဆိုင်တန်းများဖြင့် စည်ကားနေပြီး ကျိုက်ထိုဟိုတယ်မှာခံ့ညားလှပသည်။ ဘန်ဂလိုလေးများက တောတောင်ရှုခင်းကို မျက်နှာမူနေသည်။ ကမ္ဘာလှည့်ခရီးသွားအများအပြားတည်းခိုသည်ဟု သိရသည်။ လမ်းတစ်လျှောက်တွင် စားသောက်ဆိုင်များက ဘုရားဖူးများကိုညအိပ်တည်းခိုနိုင်ကြောင်း၊ ရေမီးအပြည့်အစုံရှိကြောင်း နှုတ်မှတတွတ်တွတ်ရွတ်ဆို၍ ဖိတ်ခေါ်ကြိုလုပ်နေကြသည်။ စေတီတော်ကြီးအဝင် မုခ်ဦးတွင်စာတန်းတစ်ခုချိတ်ထားသည်ကိုမြင်တွေ့ရသည်။ အမျိုးသမီးများ ဘောင်းဘီရှည်၊ ဘောင်းဘီတို၊ စကပ်အတိုအရှည်အကွဲများဖြင့် ရင်ပြင်တော်ပေါ်မတက်ရဟူသော စာတန်းပင်။ ယင်းသတိပေးစာတန်းအနားတွင် အမျိုးသမီးများ ယာယီအဝတ်လဲခန်းရှိသည်။ ဘောင်းဘီများ၊ စကပ်များဝတ်လာပါက ထဘီဖြင့် လဲလှယ်ကြသည်။ မြန်မာအမျိုးသမီးအချို့မှာ မြန်မာစာမဖတ်တတ်ဟု ထင်ရသည်။ ဘောင်းဘီအရှည်ဖြင့် ရင်ပြင်တော်ဆီသွားနေသည်။ နိုင်ငံခြားသူကမ္ဘာလှည့်ခရီးသွားအမျိုးသမီးနှစ်ဦးကမူ ပြည်တွင်းဖြစ်ထဘီ၊ ရင်ဖုံးအကျီနှင့် ရင်သိုင်းပဝါပါလွှမ်းထားသည်ကို မြင်တွေ့လိုက်ရသည်။

စေတီတော်တော်ရင်ပြင်၏ တောင်ဘက်ဈေးဆိုင်တန်းများ အဆင်းတွင် တည်းခိုနိုင်ရန် ဟိုတယ်များရှိသည်။ ယခင်ကဆိုလျှင် ထမင်းဆိုင်များက အခမဲ့တည်းခိုခွင့်ပြုသည်။ ရေပူရေအေးဝယ်သုံးရန်ဖြစ်သည်။ ယခုမူ ဟိုတယ်ခန်းများက သန့်ရှင်းသပ်ရပ်သည်၊ ရေမီးအပြည့်အစုံရှိသည်။ နှစ်ယောက်ခန်းတစ်ခန်းအတွက် ရိုးရိုးဆိုလျှင် ငွေကျပ်၂၀၀၀၀၊ ဒီထက်ပိုအဆင့်မြင့်လာလျှင် ငွေကျပ် ၄၀၀၀၀၊ မိသားစုခန်းများဆိုလျှင် ငွေကျပ် ၅၅၀၀၀ မှ အထက်ဖြစ်သည်။ ပွဲတော်ရက်များ နီးကပ်လာလေ တည်းခိုရန် အခန်းခများ ဈေးမှာ ကြိုက်ဈေးကြိုက်ခေါ်ဖြစ်လာသည်ဟု အထမ်းသမားလေးကပြောပြသည်။ ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံ၌ အခမဲ့တည်းခိုနိုင်သည်။စောင်တစ်ထည် ငွေကျပ် ၂၀၀၊ ခေါင်းအုံးတစ်လုံးငွေကျပ် ၂၀၀၊ ဖျာတစ်ချပ်ငွေကျပ် ၅၀၀ စသဖြင့် ငှားရမ်းနိုင်သည်။ သို့ရာတွင် အိပ်ရာစောင်အပြည့်အစုံပါသော်လည်း ဓမ္မာရုံ၌ တည်းခိုရန် နေရာမဆံ့သူများက ရင်ပြင်တော်ပေါ်၌ ကျောက်ပြားပေါ်တွင် အစုလိုက် အဖွဲ့လိုက်အိပ်ကြသည်။ ဆောင်းအချမ်းက အေးလှသည်။ လေက တဟူးဟူးတိုက်နေသော်လည်း နောက်တစ်နေ့နံနက်အရုဏ်တက်ချိန် စေတီတော်မြတ်ကြီးအား အာရုံဆွမ်းကပ်လှူရန် နေရာမရမှာလည်းစိုးသဖြင့် ရင်ပြင်တော်ပေါ်မှာ အိပ်ကြသည်ဟု ပြောပါသည်။

နံနက် ၂ နာရီ ၃ နာရီခန့်တွင် ဆွမ်းတော်ပွဲရောင်းသူများစည်ကားပြီ ဆီထမင်းဆွမ်း၊ ဗယာကြော်၊ အုန်းသီးနိုင်းချင်းကောက်ညှင်းပေါင်းပူပူ တစ်ပန်းကန်လျှင် ငွေကျပ် ၅၀၀ နှင့်ဝယ်၍ အရုဏ်ဆွမ်းကပ်ရန် အဆင်သင့်ပင်၊ သစ်သီးဆွမ်းကပ်လိုသူများအတွက် သစ်သီးပွဲတစ်ပွဲငွေကျပ် ၅၀၀၀ နှင့်ဝယ်ယူကပ်နိုင်သည်။ စေတီတော်ကြီး၏ အံ့ဖွယ်ငါးပါးဖြစ်သော တောင်ဘက်အရပ်မှ စေတီတော်ကြီးကိုဖူးမြော်ပါက စေတီတော်ကြီးတည်ထားရာ ကျောက်တုံးကြီးမှာ ပကတိဆင်ကြီးတစ်ကောင်အလား တွေ့ရသည်။ စေတီတော်ကြီး၏ အနောက်ဘက်မှ အရှေ့စူးစူးသို့ဖူးမြော်ပါက တိဿရသေ့ကြီး၏ဦးခေါင်းနှင့် တူသော ကျောက်တုံးကြီးတွင် မျက်ခုံး၊ မျက်လုံးနှင့် ပါးစပ်တော်အရာများတွေ့မြင်ရသည်။ ထို့အပြင် ဆံတော်တိုက်ရှိရာနေရာမှ ထွင်းဖောက်ကျလာသော ရေစင်လမ်းကို မြင်တွေ့ရသည်။ စေတီတော်ကြီး၏တောင်ဘက်မှကြည့်လျှင် ကျောက်တုံးတော်ကြီးမှာ ပကတိလုံးဝန်းနေသည်ကိုတွေ့မြင်ခဲ့ရသည်။ ကျောက်ပြားများအနက် နဂါးကွက်ရှိသော ကျောက်ပြားကိုမူ မတွေ့ရတော့ပေ။

**ဖူးမြော်နိုင်**

စေတီတော်ကြီးကို ဖူးမြော်ပြီးနောက် ကျောက်ကြီးနှစ်လွှာထပ်နေသော ဘိုးဘိုးနီနတ်ကွန်းသို့ ရောက်ခဲ့ပြီး လင်းလွန်းပင်စေတီ၊ မြသပိတ်စေတီ၊ ကျီးကန်းပါးစပ်၊ ထိုမှနတ်ရေတွင်းသို့လည်းကောင်း၊ မုဆိုးတောင်ဘက်ဆက်လက်သွားပါမူ မုဆိုးတောင်စေတီ၊ မုဆိုးဒူးထောက်အောင်မြေ၊ အာဗောဂူမှန်ဂူ၊ နေရောင်ခံဂူတို့ ထံရောက်ရှိနိုင်ပြီး ရသေ့တောင်တစ်ဝိုက်တွင် ဆုတောင်းပြည့်စေတီတော်၊ မြဘုန်းပွင့်စေတီတော်၊ အံတော်တောင်နှင့် ဘီလူးနှစ်ကောင်ကျောင်းအတွင်း မြစိမ်းအပြင်မြစိမ်းစေတီတော်မြတ်များကို အသီးသီးဖူးမြော်နိုင်သည်။ ထို့အပြင် ကျောက်ထပ်ကြီးဝန်းကျင်တွင် ကျောက်ဆီယိုစေတီ၊ ကျောက်ထပ်တရာစေတီ၊ ကျောက်လှုပ်စေတီ၊ နဂါးဘုရား၊ ဖားဘုရားကျောက်ထပ်ကြီးတို့ကို ဖူးမြော်နိုင်သည်။ ရေတံခွန်ဆီသို့မူ အတက်အဆင်းလမ်းကြမ်းသဖြင့် မသွားရောက်နိုင်တော့ပါ။ စေတီတော်မြတ်ကြီးဝန်းကျင်သို့လှည့်လည်ဖူးမြော်ပြီးနောက် မော်တော်ယာဉ်များဖြင့် ကင်မွန်းစခန်းသို့ ပြန်လာခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လာခဲ့သည်။ လမ်းခရီးတွင် ကျိုက်ပေါလောမှ်ရှင်တော်မဟာမုနိဘုရားအပြင် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ပို့ဆောင်ပေးခဲ့သဖြင့် ဖူးမြော်ခွင့်ရခဲ့သည်။ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ အစည်ကားဆုံးရာသီမှာ ဒီဇင်ဘာလအတွင်းဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့များတွင် ပိုမိုစည်ကားကြောင်း၊ ဆီမီး ၉၀၀၀ ပူဇော်ပွဲနေ့များတွင် ဘုရားဖူးသူပေါင်းသိန်းချီလာရောက်ကြကြောင်း၊ ယခင်နှစ်က ပွဲတော်ရက်တစ်ရက်တွင်ဘုရားဖူးပို့ဆောင်ရေးမော်တော်ယာဉ် အစီး ၇၀၀ ခန့် အထိပြေးဆွဲပေးခဲ့ရကြောင်း၊ ကမ္ဘာ့အံ့ဖွယ်စေတီတော်ဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသွားများ အများဆုံး လာရောက်ကြောင်း ကင်မွန်းစခန်းရှိမော်တော်ယာဉ်အသင်းကြီးကြပ်သူတစ်ဦးက ပြောပြသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးဆီသို့ သွားရောက်ဖူးမြော်နိုင်ပါရန် ခရီးညွှန်ပြရေးသားလိုက်ရပါသည်။

**မမ(လားရှိုး)**


**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုလယ်ယာဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** -၂-၁-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၆-၁-၂၀၁၄ရက်၊ မွန်းတည့် ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၃၁၂၁၉သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊**
**စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဇရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ၂၃၀/၆၆ကေဗွီ၊ (၁၀၀)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါရောင်းချမည့်ရက်** - ၂-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)
၃။ **တင်ဒါပိတ်မည့်ရက်** - ၃-၂-၂၀၁၄ ရက် (တနင်္လာနေ့)
၄။ **တင်ဒါပိတ်မည့်အချိန်** - ညနေ ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဇရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း ညွှန်ကြားရေးမှူးရုံး၊ အမှတ်(၆၂) ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက(၃)လမ်းထောင့် (ဇရာဝဏ်ဆောက်လုပ်ရေးမှတ်တိုင်အနီး)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၉၀၀၈၈

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမဝန်ကြီးဌာန**
**သမဝါယမဦးစီးဌာန**
**သမဝါယမတက္ကသိုလ်(သန်လျင်)**
**(ဒုတိယ)အကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း**

၁။ သမဝါယမတက္ကသိုလ်(သန်လျင်)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ဘွဲ့စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် လျှောက်ထားသူများအတွက် (ဒုတိယ) အကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-
(က) **အစမ်းလေ့ကျင့်မည့်နေ့ရက်** - ၂၅-၁-၂၀၁၄ရက်(စနေနေ့) နံနက် ၉နာရီ
(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်** - ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီ
၂။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်ကြရန်ဖြစ်ပါသည်။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကိုအပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။
၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို ၁၆-၁-၂၀၁၄ရက်မှ ၂၂-၁-၂၀၁၄ရက်အတွင်း သမဝါယမတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ကိုယ်တိုင်လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

**သက်သက်ဝေ**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲ၊ သမဝါယမတက္ကသိုလ်(သန်လျင်)**

**ကန့်ကွက်နိုင်ပါကြောင်း**

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇ B၁၊ မြေကွက်အမှတ် ၂၈ဘီ/၈-က၊ မြေကွက်တည်နေရာ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ အမှတ် ၁၄၊ ဒေါ်စန်းရိန်(ခ)ဒေါ်မမကြီး အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အပိုင်ပေးစာချုပ် ၅၇၆/(၂၇-၇-၁၉၈၄)ဖြင့် ဒေါ်ခင်ရွှေသိန်း၊ ဒေါ်ခင်ရွှေဝင်းတို့က ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်ရွှေဝင်း ကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/စခန(နိုင်) ၀၂၈၅၉၀ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်၊ သေစာရင်းတို့တင်ပြ၍ ဒေါ်ခင်ရွှေသိန်း ၁၂/စခန(နိုင်)၀၂၉၀၁၆ နှင့်အတူ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သမဝါယမတက္ကသိုလ်(သန်လျင်)**
**ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သမဝါယမတက္ကသိုလ်(သန်လျင်) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအား အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပခြင်းအား ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်များတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်)တွင် ကျင်းပပြုလုပ်ပါမည်။
၂။ ဤဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း လုပ်ဆောင်လိုသော လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။
(၁) **တင်ဒါစတင်လက်ခံမည့်နေ့ရက်** - ၂-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီ
(၂) **တင်ဒါနောက်ဆုံးလက်ခံမည့်နေ့ရက်** - ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁း၀၀ နာရီ
(၃) **တင်ဒါဖွင့်မည့်နေ့ရက်** - ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ သမဝါယမတက္ကသိုလ်(သန်လျင်)သို့ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း ဖုန်း-၀၅၆-၂၁၇၃၄၊ ၀၅၆-၂၃၂၅၆သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ**
**သမဝါယမတက္ကသိုလ်(သန်လျင်)**

**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ(S-၉၀)၊ မြေကွက်အမှတ် ၅၆၊ မြေကွက်တည်နေရာ အမှတ် ၅၃၊ ကုဿာသယလမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (Govt: Estate)ကျူး-ဦးကျော်ဇောနှင့် ဒေါ်အေးစိန် အမည်ပေါက် ကျူးလွန်ခြင်းမြေအား ကျူးလွန်ခြင်းအမည်ပေါက် ဦးကျော်ဇောထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်(၅-၁၁-၁၉၆၄)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးကြည်(ဖခင်)နှင့် ဒေါ်သန်းအောင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးအောင်စိုးမြင့် ၁၂/တမန(နိုင်)၀၂၃၃၀၇၊ ဒေါ်အေးအေးမူ ၁၂/တမန(နိုင်)၀၆၆၆၀၂နှင့် ဒေါ်ခင်ခင်ထွေး ၁၂/တမန(နိုင်)၀၂၃၉၁၉တို့က မိဘများမှ အဆိုပါမြေကွက်ကိုဝယ်ယူစဉ်က ရောင်းချသူ ဦးကျော်ဇော၏ဇနီး ဒေါ်အေးစိန် ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် ဦးစိုးကြည်၊ ဒေါ်သန်းအောင်တို့၏သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထူးဂရန် လျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် အကြံပြုချက်များဖိတ်ခေါ်ခြင်း

မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်(၇-၁၀-၂၀၁၃)ရက်နေ့တွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပ၍ အစိုးရဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ Stakeholder များ ပါဝင်သည့်ကော်မတီ၊ အကြံပေးအဖွဲ့များဖွဲ့စည်းလျက် မူဝါဒ၊ လုပ်ငန်းစဉ်များ၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ(မူကြမ်းများ) ပြုစုလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehesive Education Sector Review-CESR)သည် ပညာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်ဆက်စပ်သောဝန်ကြီးဌာနများမှ ပညာရှင်များ၊ အတွေ့အကြုံရင့် ပညာရှင်ကြီးများနှင့် နိုင်ငံတကာအကြံပေးပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်၍ ပြုပြင်ပြောင်းလဲသင့်သော ထောက်ခံအကြံပြုချက်များအပေါ် အခြေခံပြုစုဆောင်ရွက်ပါသည်။

ထိုထောက်ခံအကြံပြုချက်များအပေါ်မူတည်၍ လက်တွေ့ကျကျ အစဉ်ပြေချောမွေ့စွာ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက်လုပ်ငန်းအဖွဲ့များက Stakeholder များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် တက္ကသိုလ်အဆင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆွေးနွေးပွဲနှင့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်၍ လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါကြောင်းနှင့် တက်ရောက်ဆွေးနွေးနိုင်ခြင်းမရှိပါကလည်း အောက်ဖော်ပြပါသက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များသို့လည်း အကြံပြုချက်များကို ဆက်သွယ်ရန်လိပ်စာ စိန်ရတုခန်းမတက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့ သို့မဟုတ် အောက်ပါဆက်သွယ်ရန် e-mailများသို့ စာဖြင့်ပေးပို့နိုင်ကြောင်း သတင်းရရှိပါသည်။

| စဉ် | အမည် | တာဝန် | လုပ်ငန်းအဖွဲ့ | ဆက်သွယ်ရန် e-maill |
|---|---|---|---|---|
| ၁။ | ဒေါက်တာ<br>ဒေါ်ခင်မျိုးမြင့်ကြူ<br>ဒေါ်ခင်မာထွေး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | မူကြိုပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | myoemyintkyu@gmail.com<br>kmhdirector@gmail.com |
| ၂။ | ဒေါ်မြင့်မြင့်သန်း<br>ဒေါ်ညွန့်ညွန့် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဘုန်းတော်ကြီးသင်<br>ပညာရေးနှင့်ပညာရေး<br>လုပ်ငန်းဆောင်ရွက်သည့်<br>ဘာသာရေးအဖွဲ့အစည်း<br>များဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | malaynyunt@gmail.com |
| ၃။ | ဦးတင်ညို<br>ဦးစိုးဝင်း | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | အခြေခံပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | tinnyo2@gmail.com |
| ၄။ | ဒေါက်တာ<br>ဒေါ်ထူးထူးအောင်<br>ဒေါ်ခင်ခင်ဌေး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဆရာအတတ်<br>ပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | khinhtay.directordept@gmail.com |
| ၅။ | ဦးထွန်းလှ<br>ဒေါ်ဂျိုအဲနာ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ကလေးဗဟိုပြု<br>ချဉ်းကပ်သင်ယူ<br>နည်းဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | 20jdoe08@gmail.com |
| ၆။ | ဦးမြင့်ဟန်<br>ဦးခင်မောင်ထွေး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ကျောင်းပြင်ပပညာရေး<br>ဆိုင်ရာလုပ်ငန်းအဖွဲ့ | mlrc.ygn@gmail.com<br>khinmaunghtwe58@gmail.com |
| ၇။ | ဒေါက်တာဥမ္မာကျော်<br>ဒေါက်တာဒေါ်သန်းနွဲ့ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဥပဒေပြုစုရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | kyaw.omar@gmail.com |
| ၈။ | ဒေါ်ရီရီမြင့်<br>ဒေါက်တာထွန်းအောင် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | စီမံခန့်ခွဲမှုဆိုင်ရာ<br>အရည်အသွေး<br>မြှင့်တင်ရေး<br>လုပ်ငန်းအဖွဲ့ | dawyiyimyint09@gmail.com<br>dr.tunaung64@gmail.com |
| ၉။ | ဒေါက်တာသက်လွင်<br>ဒေါ်နှင်းမူ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဝန်ထမ်းစွမ်းရည်မြှင့်<br>တင်ရေးနှင့်စွမ်းဆောင်<br>ရည်အကဲဖြတ်ရေး<br>လုပ်ငန်းအဖွဲ့ | thetlwin737@gmail.com<br>hmdhel@gmail.com |
| ၁၀။ | ဒေါက်တာမြမြဦး<br>ဒေါက်တာကျော်နိုင် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | လက်တွေ့အသုံးချ<br>သုတေသန<br>လုပ်ငန်းများမြှင့်တင်<br>ဆောင်ရွက်ရေး<br>လုပ်ငန်းအဖွဲ့ | drmyamyaoo@gmail.com<br>drkyawnaing2009@gmail.com |
| ၁၁။ | ဦးစိန်မင်း<br>ဒေါက်တာနုနုရီ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ပညာရပ်ဆိုင်ရာ<br>ရုပ်ပတ်ဝန်းကျင်<br>ကောင်းများကြီးကြပ်<br>ဖြည့်ဆည်းရေး<br>လုပ်ငန်းအဖွဲ့ | nunuyi1964@gmail.com |
| ၁၂။ | ဦးစိုးညွန့်<br>ဒေါက်တာနေဝင်းဦး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သင်ရိုးညွှန်းတမ်း၊<br>သင်ရိုးမာတိကာ<br>ဆိုင်ရာလုပ်ငန်း<br>အဖွဲ့(အဆင့်မြင့်) | winoo.nay@gmail.com |
| ၁၃။ | ဒေါက်တာဒေါ်မြကြွယ်<br>ဒေါ်ခင်သင်းဖြူ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သင်ရိုးညွှန်းတမ်း၊<br>သင်ရိုးမာတိကာဆိုင်ရာ<br>လုပ်ငန်းအဖွဲ့အခြေခံ | khinthinphyu.edu@gmail.com |
| ၁၄။ | ဒေါက်တာမြင့်သိန်း<br>ဒေါက်တာဇော်မြင့် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | အဆင့်မြင့်ပညာရေး<br>ဆိုင်ရာလုပ်ငန်းအဖွဲ့ | zawmyint.uzm@gmail.com |
| ၁၅။ | ဒေါက်တာခင်မေအုန်း<br>ဒေါက်တာတင့်ဆွေလတ် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ကျန်းမာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | proftsl@gamil.com |
| ၁၆။ | ဒေါက်တာကျော်ဝင်း<br>ဒေါက်တာဇော်မင်းနိုင် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သက်မွေးဝမ်းကျောင်း<br>ပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | nyihlange1@gmail.com<br>wytu2010@gmail.com |
| ၁၇။ | ဒေါက်တာမြင့်သောင်း<br>ဒေါက်တာတင်ထွန်း | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | စိုက်ပျိုးရေး/<br>မွေးမြူရေး/သစ်တော<br>ပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | tinhtutagri@gmail.com |
| ၁၈။ | ဒေါက်တာဖိုးကောင်း<br>ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်း | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သတင်းအတတ်<br>နည်းပညာနှင့်<br>ဆက်သွယ်ရေးပညာ<br>ဆိုင်ရာလုပ်ငန်းအဖွဲ့ | pkaung@gmail.com<br>nwe2win.csyu@gamil.com |


## ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ် မော်လမြိုင်ဇရပ်၌ ကျင်းပမည်ဖြစ်ပါသည်။

အသက် ၇၅နှစ်နှင့်အထက် အဘိုး အဘွားများစာရင်းနှင့် ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဂုဏ်ထူးရ သားသမီးများစာရင်းကို ဦးတင်မြင့် ဖုန်း-၀၉-၅၁၇၈၀၆၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၇၆၂၂၇၊ ဦးစိုးမြင့် ဖုန်း-၀၉-၄၃၀၆၇၆၂၀၊ ဦးထွေး ဖုန်း-၀၉-၄၄၈၀၀၆၇၉၅၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀၆၄၇၆၉၊ ဦးလှမြင့် ဖုန်း-၀၉- ၄၂၀၀၈၉၃၅၂၊ ဒေါ်ဆွေဆွေဝင်း ဖုန်း-၀၉-၅၀၆၁၃၀၁တို့ထံ ဇန်နဝါရီ ၅ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန်နှင့် အလှူငွေများလည်း ဆက်သွယ်လှူဒါန်း ကြပါရန် နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**



## လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

၁-၁၂-၂၀၁၃ရက်မှ ၂၂-၁၂-၂၀၁၃ရက်အထိ အောင်မြင်စွာကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုဗန်းကိုင်သမီးငယ်များကို မိတ်ကပ်နှင့် ဆံပင်အလှဆင်ရာတွင် ကမကထပြု Sponsor ပေး ကူညီသော aroma(Zulu Studio) မှ ဦးအောင်မြတ်သူနှင့် အဖွဲ့သူ အဖွဲ့သားများ၊ ချိတ်လုံချည် Sponsor ပေးကူညီသော ဦးသားစိုးနှင့်ဇနီး (ရွှေပိုးနန်းတော်ပိုးထည်တိုက်)တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ**



## စိန်ဂျွန်းကျောင်းသားဟောင်းများ ညစာစားပွဲ

ယခင် စိန်ဂျွန်းကျောင်းသားဟောင်းများအသင်း၊ ယခု စိန်ဂျွန်း (အထက-၁ လမ်းမတော်) ကျောင်းသား ကျောင်းသူဟောင်းများအသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၄ခုနှစ် ဇန်နဝါရီ ၅ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၅ နာရီ
**နေရာ** - ဘဲလေးစားတော်ဆက် (နန်းသီတာ)
ပန်းဆိုးတန်းဆိပ်ကမ်း

လက်မှတ်များကို အသင်းတည်နေရာ အမှတ်(၃၀)၊ ဗဟိုလမ်း၊ လမ်းမတော်မြို့နယ်၊ 6 up စားသောက်ဆိုင်တွင် ဝယ်ယူရရှိနိုင်ပါသည်။ ဦးသန်းညွန့်လွင် ဖုန်း-၀၉-၇၃၁၅၀၄၉၉

ညစာစားပွဲကျင်းပမည့် ၅-၁-၂၀၁၄ရက် ညနေ ဘဲလေးစားတော်ဆက်(နန်းသီတာ)တွင် ဝယ်ယူရရှိနိုင်ပါသည်။



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ ၈လမ်း၊ အမှတ် ၂၂၅နေ ဦးသန်းဝင်းစိန် ၁၂/ဥကမ(နိုင်)၀၄၂၂၃၁၊ ဒေါ်မြတ်စန္ဒာချို၁၁/ကဖန(နိုင်)၀၃၀၃၆၇တို့မှ ၎င်းတို့၏ပစ္စည်းအရပ်ရပ်တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စအရပ်ရပ်တို့အပေါ်လည်းကောင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ ၄ လမ်း၊ အမှတ် ၁၀၂ နေ ဦးဇော်မင်းထွန်း၁၁/ကဖန(နိုင်)၀၄၀၀၇၂ အား ကိုယ်စားလှယ်အဖြစ် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၁၄၆/၁၃ ဖြင့် ၁၈-၁၂-၂၀၁၃ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး(ရန်ကုန်မြို့)၌ လွှဲအပ်ခဲ့ပြီး ပစ္စည်းငွေကြေးကိစ္စအရပ်ရပ်တို့အား အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးဇော်မင်းထွန်း ၁၁/ကဖန(နိုင်)၀၄၀၀၇၂ နှင့်သာ ဆောင်ရွက်ပြီးစီးနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝင်းစိန် ၁၂/ဥကမ(နိုင်)၀၄၂၂၃၁၊ ဒေါ်မြတ်စန္ဒာချို ၁၁/ကဖန(နိုင်)၀၃၀၃၆၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွင်ကိုကိုဦး (စဉ်-၃၂၇၇၆)၊ အထက်တန်းရှေ့နေ၊ ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊ ဖုန်း-၀၉-၇၃၅၀၀၄၁၆**



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (UE1)တိုးချဲ့မြေကွက်အမှတ် ၄၉၈ သည် ဦးကျော်အေးအမည်ဖြင့် မှတ်သားထားရှိသော ပါမစ်မြေဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဦးကျော်အေးထံမှ ၈-၉-၁၉၉၇ရက်စွဲပါ ကတိစာချုပ်အရဒေါ်တင်တင်သည်လည်းကောင်း၊ ၁၉-၁၂-၂၀၀၇ရက်စွဲပါ ကတိစာချုပ်အရ ဒေါ်ခင်မိုးသည်လည်းကောင်း အသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ အဆိုပါမြေကွက်ထဲမှ အမှတ် ၄၉၈(က) ပေ(၂၀×၆၀) မြေတိုင်းရပ်ကွက်အမှတ်(UE 1)တိုးချဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်ကို၂၅-၁၁-၂၀၀၇ရက်စွဲပါနှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိ စာချုပ်အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသီတာဦး ၁၂/မဂတ(နိုင်)၀၇၃၇၂၀က အထောက်အထားမှုရင်းများနှင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ပါသည်။

အထက်ပါကျွန်ုပ်၏မိတ်ဆွေ ပိုင်ဆိုင်သည့်မြေကွက်နှင့်စပ်လျဉ်း၍ မည်သူ့ကိုမျှ ရောင်းချထားခြင်း၊ အငှားချထားခြင်းများမရှိပါ။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သည့် မြေကွက်နှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ လုံးဝမပြုလုပ်ရန်ကြေညာအပ်ပါသည်။ မလိုက်နာ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ထပ်လောင်းကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

**ဦးဇော်ဝင်းနိုင် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၅၅၅၇၀၊ ၀၉-၂၀၁၆၉၉၈**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ် ၆၀၊ မြေကွက်တည်နေရာအမှတ်(၄၀၆/၆၀)၊ ၃၉ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးဘတင် AB-၀၃၈၈၄၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘတင်နှင့်ဇနီး ဒေါ်မမကြီး၊ သားဖြစ်သူ ဦးတင်မောင်လေး(လူပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် (၁) ဦးတင်မောင်ဝင်း ၁၂/လမတ(နိုင်) ၁၀၈၆၉၅၊ (၂) ဒေါ်တင်တင်စိုး ၁၂/လမန(နိုင်)၁၀၈၆၉၇၊ (၃) ဦးတင်မောင်ကြီး ၁၂/လမန(နိုင်) ၁၀၈၈၂၆တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မိုင်းဆတ်၌ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၃၀**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ဒီဇင်ဘာလ၏ နောက်ဆုံးပတ်လူထုလမ်းလျှောက်ပွဲကို မိုင်းဆတ်မြို့၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက မယ်ဆွန်မြောက်ရပ်ကွက် အထကရှေ့မှ မြို့မလမ်းအတိုင်း စုရပ်ဖြစ်သော အောင်ဇေယျဘက်စုံအားကစားကွင်းသို့ လမ်းလျှောက်ပွဲကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ဇော်အေးဦးဆောင်သော တပ်မတော်အရာရှိကြီးများနှင့် တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ကျန်းမာရေး လိုက်စားသူများ စုစုပေါင်း ၆၀၀ ကျော်သည် စုပေါင်း လမ်းလျှောက်ကြပြီး အားကစားကွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး ပြုလုပ်ခဲ့ကြပြီး စေတနာရှင်များက ကောက်ညှင်းထုပ်များ ဝေငှခဲ့ကြောင်းသိရသည်။

**သန်းဇော်(iprd)**

# ဒီဇင်ဘာ စတုတ္ထပတ် လူထုလမ်းလျှောက်ပွဲ ဆီဆိုင်၌ကျင်းပ

**ဆီဆိုင် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၏ ဒီဇင်ဘာစတုတ္ထပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးရှေ့စုရပ်နေရာ၌ကျင်းပရာ လမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းလွင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ခြောက်ရပ်ကွက်မှ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# ဒီဇင်ဘာလနောက်ဆုံးပတ်လူထုလမ်းလျှောက်ပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒီဇင်ဘာလ နောက်ဆုံးပတ်လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အစိုးရအဖွဲ့ရုံးရှေ့၌ စုရပ်အဖြစ်ထားရှိ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုစုပေါင်း ၅၅၀၀ ခန့် တက်ရောက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့မှစ၍ အာဇာနည်လမ်းမအတိုင်း တိုင်းဒေသကြီးအားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်အတွင်း တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီး

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၏ ညွှန်ကြားချက်အရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက် ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ပြင်ဦးလွင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်ဦး ဦးဆောင်ပြီး ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့်မြို့နယ် သစ်တောဝန်ထမ်းများ ပါဝင်သော တရားမဝင် သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအဖွဲ့မှ ပြင်ဦးလွင်မြို့နယ်အတွင်း တရားမဝင်သစ်များကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့သည်။

ဒီဇင်ဘာလအတွင်း ရှာဖွေဖော်ထုတ်ဖမ်းဆီးချက်အရ တရားမဝင် သစ်မာနှင့် အခြားသစ်လုံး ၄၆၇ လုံး ၂၉ ဒသမ ၃၁၇၈ တန်၊ တရားမဝင် ကျွန်းသစ်လုံး ၇၄ လုံး ၅ ဒသမ ၃၉၄ တန်၊ တရားမဝင်သစ်မာ နှင့် အခြား သစ်ခွဲသား ၅၆၅ ချောင်း ၂၂ ဒသမ ဝ၉၄၄ တန်၊ တရားမဝင် ကျွန်းခွဲသား ၁၂၆ ချောင်း ဝ ဒသမ ၄၈၄၉ တန်၊ တရားမဝင် သစ်တင်ယာဉ် ၁၃ စီး ၊ ပြစ်မှုကျူးလွန်သူ ၁၄ ဦးတို့ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့သည်။

ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူ၊ သစ်တင်ယာဉ်နှင့်ဆက်စပ် ပစ္စည်းများအား သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၃၂)**





# ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ပထမ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်မိုးအနည်းငယ်ထစ်ချုန်းရွာသွန်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်ခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။ **(မိုး/ဇလ)**

# မန္တလေး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်တွင် စာပေဟောပြောပွဲကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် မြို့ဟောင်းဈေးတောင်ဘက်ရှိ ချမ်းမြသုခပရဟိတလူမှုရေးအသင်းတွင် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ရက်တို့တွင် ညစဉ် ၇ နာရီ၌ စာပေဟောပြောပွဲကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီတွင် ဆရာမောင်သာချို (ဂျက်-ကွမ်းခြံကုန်း)နှင့် ဆရာနေဝင်းမြင့်တို့က ဟောပြောမည်ဖြစ်ပြီး ဇန်နဝါရီ ၂၁ ရက်တွင် ဆရာချစ်ဦးညိုနှင့် ဆရာဦးဘုန်း(ဓာတု) တို့က ညစဉ် ၇ နာရီတွင် စာပေရေးရာများ ဟောပြောကြမည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန၊ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး**
**မြောက်ဥက္ကလာပ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် 500 KVA လျှပ်စစ်ထရန်စဖော်မာတစ်လုံး မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး**
**မြောက်ဥက္ကလာပ**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၃၀၆၊ ဧရိယာ ဝဒသမ ဝ၅၅၈ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၅)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ် ၃၀၆ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင် ဦးခင်လှိုင် ၁၂/သကတ(နိုင်)ဝ၆၄၅၉၈က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့်ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းသူကောင်း** — **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် အောက်ပါမြို့နယ်များရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | မြို့နယ် | ပစ္စည်းအမျိုးအစား |
|---|---|---|
| ၁။ | ဟင်္သာတ | တောသစ်၊ မြစ်သဲ၊ ပီနန်အိတ်၊ ဝါးနက်ဝါး၊ တိုင်မျော၊ တန်းမျော |
| ၂။ | ဓနုဖြူ | ဝါးယား၊ အုန်းတိုင်၊ သံဆန်ခါ၊ ဝါးနက်ဝါး၊ အုန်းဆံကြိုး၊ မိုးကာဖျဉ်စ(သဲမွေ့ရာ)၊ မြစ်သဲ၊ နိုင်လွန်ကြိုး၊ ကျောက်ကြီး |
| ၃။ | ပုသိမ် | ဝါးထရံ၊ မြစ်သဲ၊ ပီနန်အိတ်၊ မိုးကာဖျဉ်စ(သဲမွေ့ရာ)၊ ကျောက်ကြီး |
| ၄။ | မြောင်းမြ | အုန်းတိုင်၊ သံဆန်ခါ၊ ကျောက်ကြီး၊ ဘိလပ်မြေ၊ မြစ်သဲ၊ မိုးကာဖျဉ်စ (သဲမွေ့ရာ)၊ Polyfelt |
| ၅။ | ဖျာပုံ | ဘိလပ်မြေ၊ ကျောက်စရစ်၊ သံချောင်းလုံး (၃/၈"Ø၊ ၅/၈"Ø၊ ၃/၄"Ø)၊ပီပါခွံ၊ကျောက်ကြီး၊တောသစ်(ထု)(ပျဉ်)၊Polyfelt၊ မြေကြီး |

**တင်ဒါပုံစံရောင်းချခြင်း၊တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးရုံး၊ မဥ္ဇူလမ်း၊ ကင်မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၁၃ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၀-၁-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၀-၁-၂၀၁၄ရက် ၁၄:၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့်အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီ တိုင်းဒေသကြီးရုံး ဖုန်း-၀၄၂-၂၉၁၅၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



## ရောင်းမည်

Chatrium Hotel အနီးရှိ ဖိုးစိန်ကွန်ဒို
3300 Sqft (P.H) အဆင့်မြင့်ပြင်ဆင်ပြီး
**ဖုန်း-၀၉-၅၅၀၆၅၄၈၊ ၀၉-၅၀၇၄၁၄၅**



## ဈေးတန်းဟောင်းမူလွန်ကျောင်း၊ တောင်ငူမြို့ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

တောင်ငူမြို့၊ ဈေးတန်းဟောင်းမူလွန်ကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကို ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက် ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူငွေဆက်သွယ်လှူဒါန်းနိုင်ရန်**

(၁) ဦးတင်မောင်ကြည် ဖုန်း-၀၉-၂၅၄၀၃၁၀၀၇
(၂) ကိုမိုးမိုး ဖုန်း-၀၉-၄၂၈၁၁၄၉၇၉
(၃) ကိုဘန်ဟိုး ဖုန်း-၀၉-၅၃၅၂၆၅၀
(၄) မအေးအေးဆွေ ဖုန်း-၀၉-၄၉၂၄၉၆၄၇
(၅) များပို ဖုန်း-၀၅၄-၂၄၁၄၃



**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၀)၊**
**မြေကွက်အမှတ်(၉၆၈)ရှိ ပါမစ်မြေကွက်အမည်ပေါက်**
**ဦးသန်းနွယ် PAG-၁၂၇၈၃၈၊ မြေအကျယ်အဝင်း(၄၀'×၆၀')ရှိမြေကွက်နှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်နှင့်ပတ်သက်၍ ဦးသိန်းထိုက် ၅/တဆန(နိုင်)၀၇၂၄၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ**
**စာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ**
**အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၅၀၆၁၅၇**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## ကျောက်စိမ်း အရိုင်းတုံးများ ဖမ်းဆီးရမိ

**မြစ်ကြီးနား ဒီဇင်ဘာ ၃၀**

နယ်မြေခံတပ်ရင်းနှင့် ဆိပ်မူရဲကင်းမှ ဒုရဲအုပ်မြင့်စိုး ဦးစီးအဖွဲ့တို့သည် ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကောင်စံကျေးရွာရှိ ဖားကန့်-ဝေ့ခါသွားကားလမ်းမပေါ်၌ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် ကောင်စံကျေးရွာမှ ဝေ့ခါဘက်သို့မောင်းနှင်လာသော ယာဉ်မောင်း အောင်အောင်မြတ်(ခ) ဖိုးအောင်(၃၃ နှစ်)လယ်ပြင်ကျေးရွာ လုံးခင်းကျေးရွာအုပ်စုနေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၉က/.... သနီးဂရောင်းယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး ၅၇၀၅ ပိဿာခန့်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ကျောက်စိမ်းတုံးများ တရားမဝင်သယ်ဆောင်လာသူ အောင်အောင်မြတ်(ခ) ဖိုးအောင်အား ဖားကန့်မြို့မရဲစခန်းမှ ဒုရဲအုပ်ရန်အောင်က တရားလိုပြုလုပ်၍အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်မောင်ထွန်း**



## ရွှေစာရံစေတီတော်ဓာတ်တော်ကွန့်မြူး ကြုံတောင့်ကြုံခဲပူဇော်ပွဲကျင်းပ

**သထုံ ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံ စေတီတော်မြတ်ကြီးတွင် ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကိုခံယူကာ မြို့နယ်သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သထုံမြို့သူမြို့သားများ စုပေါင်း၍ ရတနာမြတ်သုံးပါးပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ နံနက် ၅ နာရီတွင် သံဃာတော် ၁၀၈ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာသဘင် ဆင်ယင်ကျင်းပပေးကြပြီး စေတီတော်မြတ်ကြီးအား ဝတ်အဖွဲ့များက ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာတို့ဖြင့် ပူဇော်ခြင်း၊ မြို့သူမြို့သားတို့က ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် စုပေါင်းကပ်လှူပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုတို့ကို လောင်းလှူကြပြီး ဘုရားဖူးပြည်သူများအား ဘာသာရေးအသင်းအဖွဲ့များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ရွှေစာရံစေတီတော်မြတ်ကြီးတွင် ဒီဇင်ဘာ ၁၂ ရက်မှစတင်ကာ ထူးကဲစွာဖြင့် ဓာတ်တော်များ ကွန့်မြူး၍ ရောင်ခြည်တော်ထူးများကို မြို့သူမြို့သားများတို့က ရက်အတန်ကြာ ဖူးမြင်ရခြင်းတို့ကြောင့် ယခုကဲ့သို့ ကြုံတောင့်ကြုံခဲ ပူဇော်ပွဲကြီးကို ဆင်ယင်ကျင်းပရခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၆ ရက်ကလည်း ညနေ ၄ နာရီမှစတင်ကာ ည ၉ နာရီအထိ ဘာသာရေးအဖွဲ့ ၄၀ကျော်တို့က မြို့နယ်လုံးကျွတ် စုပေါင်းနိဗ္ဗာန်ဈေးပွဲတော် စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်း၍ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

## မိုင်းဆတ်၌ ဓမ္မစကြာဒေသနာတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၃၀**

ဓမ္မစကြာဒေသနာတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီက မိုင်းဆတ်မြို့ ကျဒယ်ရပ်ကွက် သဗ္ဗညုကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး သဗ္ဗညုကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဣန္ဒကထံမှ ပြိုင်ပွဲကျင်းပမှုနှင့် ပတ်သက်၍ ဩဝါဒစကားနာကြားသည်။ ဆက်လက်ပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ကို နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ အမက(မူလွန်)ကျဒယ်ဝတ်ရွတ်အဖွဲ့မှ တစ်ဦးချင်းစိန်ရောင်ခြည်ဘုရားပင့် အကောင်းဆုံးဆုရရှိသူအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်စန်းမြင့်၊ ဓမ္မစကြာအမွှမ်းအကောင်းဆုံး ဆုရရှိသူအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီသီစိုး၊ ဆွမ်းရေချမ်းဆက်ကပ်မှု အကောင်းဆုံးဆုရရှိသူအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးစိုင်းချစ်သောင်း၊ အငယ်တန်းအဆင့် အဖွဲ့လိုက်ပထမဆုရရှိသော အထက ဓမ္မသီရိဝတ်ရွတ်အဖွဲ့နှင့် ဒုတိယဆုရရှိသော သဗ္ဗညုဓမ္မစကူးဝတ်ရွတ်အဖွဲ့တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ အကြီးတန်းအဖွဲ့လိုက် ပထမဆုရရှိသော အထက ဓမ္မသီရိဝတ်ရွတ်အဖွဲ့၊ ဒုတိယဆုရရှိသော အမက (မူလွန်) ကျဒယ်ဝတ်ရွတ်အဖွဲ့နှင့် တတိယဆုရရှိသော အလက(ခွဲ)မြို့သစ် ဝတ်ရွတ်အဖွဲ့တို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုတို့က ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျိုက်လတ်၌ ကျေးရွာအဝင်လမ်းခင်း

**ကျိုက်လတ် ဒီဇင်ဘာ ၃၀**

ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၈ ရက်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ထင်းကွင်းကျေးရွာအဝင် ကွန်ကရစ်လမ်းမကြီးခင်းကျင်းပြီးစီးမှုကို လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ (ဝ၄၂)

## ၂၀၁၄ ခုနှစ် ဇန်နဝါရီလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် လေးရက်မှခြောက်ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင်နှစ်ရက်မှသုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက်လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၇ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် တစ်ပေမှတစ်ပေခွဲခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

**(မိုး/ဇလ)**

လူကုန်ကူးမှုတိုက်ဖျက်ရေး
လူတိုင်းကိုယ်စီသတိပေး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဖျာပုံခရိုင်တရားရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဦးထက်မြက်သူ(ဘ)ဦးမိုဟန်း အမှတ် ၉၅၊ ခုနစ်လွှာ/ဘီ၊ ဣန္ဒာသယလမ်း၊ ပုသိမ်ညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **နှင့်** ၁။ ဒေါ်မြင့်မြင့်သန်း(ဘ)ဦးမောင်စိန် အမှတ်(၆)၊ ၅လမ်း၊ (၆)ရပ်ကွက်၊ဖျာပုံမြို့၊ (ယခုလိပ်စာမသိ) ၂။ ဒေါ်နွဲ့(ခ)ဒေါ်တင်နွဲ့(ဘ)ဦးခင်မောင် အမှတ်(၅၄)၊ ဒုတိယလမ်း၊ (၅)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**တရားလို** **တရားပြိုင်များ**

ဖျာပုံမြို့နယ်၊ ၅လမ်း၊ (၆)ရပ်ကွက်၊အမှတ်(၆)နေ (၁)တရားပြိုင်ဒေါ်မြင့်မြင့်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထက်မြက်သူက တရားလိုသည် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၆)ရပ်ကွက်၊ ၅လမ်း၊အကွက်အမှတ် (B-4)၊ ရွာလည်ကျောင်းရပ်၊ ဦးပိုင်အမှတ် ၂၊ (အလျားပေ၅၀×အနံပေ ၇၀)၊ စတုရန်းပေ ၃၅၀၀၊ ဧရိယာ ၀ ဒသမ ၀၈၀ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် သီးပင်သစ်ပင်စသည်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၃အရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မေလေးညို)**
**ခရိုင်တရားသူကြီး**
**ဖျာပုံခရိုင်တရားရုံး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (က) မအူပင်မြို့နယ်၊ ကမ်းနားလမ်း ကမ်းထိန်းလုပ်ငန်း
- (ခ) မအူပင်မြို့နယ်၊ မအူပင်တံတား ကမ်းထိန်းလုပ်ငန်း
- (ဂ) မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာ ကမ်းထိန်းလုပ်ငန်း
- (ဃ) လေးမျက်နှာမြို့နယ်၊ ထူပါရုံဘုရားရှေ့ ကမ်းထိန်းလုပ်ငန်း
- (င) ဟင်္သာတမြို့နယ်၊ ရေလယ်ကျွန်းကျေးရွာ ကမ်းထိန်းလုပ်ငန်း
- (စ) ဇလွန်မြို့နယ်၊ အိုးဖို-ဒေါင့်ကြီးကျေးရွာ ကမ်းထိန်းလုပ်ငန်း

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ |
| ၃။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၃-၁၂-၂၀၁၃ရက် |
| ၄။ | **တင်ဒါပုံစံပိတ်မည့်ရက်** | - ၁၀-၁-၂၀၁၄ရက် (၁၂:၀၀)နာရီ |
| ၅။ | **တင်ဒါတင်သွင်းရမည့် (ရက်၊ အချိန်၊ နေရာ)** | - ၁၀-၁-၂၀၁၄ရက် (၁၄:၀၀)နာရီ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ |

၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၉၁၅၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊မြေကွက်အမှတ်၁၀၇၆၊ မြေကွက်တည်နေရာအမှတ်-၁၀၇၆၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက် ဦးကျော်ဆန်း PKU-၀၈၇၀၀၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ဆန်း ကွယ်လွန်သဖြင့် ဒေါ်ခင်စိန် ၁၂/အလန(နိုင်)၀၀၈၆၂၁က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် ၁၈၀၈၂/၁၃(၂၄-၉-၂၀၁၃)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်လွင်သူသူဟန် ၁၀/မလမ(နိုင်) ၁၉၄၇၉၅က ပါဝါပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇၇

ဒေါ်ချိုချိုသက် **နှင့်** ၁။ ဦးကျော်မြင့် ၂။ ဦးသက်လွင် ၃။ ဦးဝင်းမော်

**တရားလို** **တရားပြိုင်များ**

၁။ ဦးကျော်မြင့် ၂။ ဦးသက်လွင် လိပ်စာတူ၊ အမှတ် (၃၃၃)၊ အောင်သစ္စာလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ) ၃။ ဦးဝင်းမော် အမှတ် (၂၇)၊ သခင်ထွန်းအုပ်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ချိုချိုသက်က ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၆ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့ကထုချေတင်ပြလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အေးမြင့်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

ဌာနဆိုင်ရာနှင့်စီးပွားရေးလူမှုရေးကြော်ငြာ

## သန်လျင်မြို့၊ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရန် ဈေးဆိုင်ခန်းများရောင်းချရက်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၈ရက်မှ လပြည့်ကျော် ၁ ရက်အထိ (၇-၂-၂၀၁၄ရက်မှ ၁၅-၂-၂၀၁၄)ရက်အထိ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆီမီးထွန်းညှိပူဇော်ပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ဇာတ်ပွဲ၊ ပဒေသာကပွဲ၊ ရုပ်ရှင်၊ တုတ်ထိုး၊ ဆက်ကက်စသည့်ကြည့်ချင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများစုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပွဲတော်ဈေးဆိုင်ခန်းများကို အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လူဟောင်းများကို ဦးစားပေးအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် အချက်အလက်ပြည့်စုံမှန်ကန်သူများကိုသာ စိစစ်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

- ဆိုင်ခန်းပြေစာအဟောင်းမူရင်း (၂၀၁၃ ခုနှစ် မူရင်း)
- နိုင်ငံသားမှတ်ပုံတင်ကတ်ပြားမူရင်း
- သန်းခေါင်စာရင်းမူရင်း
- ကိုယ်တိုင်မလာနိုင်သူများ တရားဝင်အထောက်အထား အချက်အလက်များပါရှိသော လွှဲစာယူဆောင်လာရန်။

(က) **လူဟောင်းများရောင်းချရက်** - ၁၄-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ရက်အထိ

(ခ) **လူသစ်များနှင့် ပျံကျများရောင်းချရက်** - ၂၃-၁-၂၀၁၄ ရက်မှစ၍ ပွဲတော်ကျင်းပသည့်ရက်အထိ ရောင်းချသွားမည်။

(ဂ) **ဌာနဆိုင်ရာအဖွဲ့အစည်းများ ရောင်းချရက်** - ၁၄-၁-၂၀၁၄ ရက်မှ ၂၆-၁-၂၀၁၄ ရက်အထိ

**ဂေါပကအဖွဲ့**
**ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်**
**ဖုန်း-၀၅၆-၂၁၁၄၃၊ ၀၅၆-၂၂၀၃၂**

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (၁၅)ကြိမ်မြောက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ

(၁၅)ကြိမ်မြောက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ကန်တော့ပွဲ** - ၁၁-၁-၂၀၁၄ရက် (စနေနေ့)၊ နံနက် ၈ နာရီ၊ စိန်ရတုဓမ္မာရုံ

**ဆွမ်းဆက်ကပ်လှူဒါန်းခြင်း** - ၁၀-၁-၂၀၁၄ရက် (သောကြာနေ့)၊ နံနက် ၆ နာရီ၊ စိန်ရတုဓမ္မာရုံ

**နှစ်ပတ်လည်အစည်းအဝေး** - ၁၀-၁-၂၀၁၄ရက် (သောကြာနေ့)၊ နံနက် ၁၀ နာရီ စုဝေးခန်းမ စိုက်ပျိုးရေးသုတေသနဦးစီးဌာန

**ဂုဏ်ပြုညစာစားပွဲ** - ၁၁-၁-၂၀၁၄ရက် (စနေနေ့)၊ ညနေ ၆ နာရီ၊ အားကစားခန်းမ

**ဆက်သွယ်လှူဒါန်းရန်လိပ်စာ**

- ဒေါက်တာချိုချိုစံ (ပါမောက္ခ၊ ဌာနမှူး)၊ စိုက်ပျိုးစီးပွားရေးပညာဌာန၊ ဖုန်း-၀၉-၄၂၀၇၀၉၀၆၇ ၁၂/ကမရ(နိုင်)၀၃၂၉၁၄
- ဒေါက်တာနှင်းယုလွင် (လ/ထ ကထိက)၊ စိုက်ပျိုးစီးပွားရေးပညာဌာန၊ ဖုန်း-၀၉-၄၉၂၇၈၆၀၇ ၁၃/ကလန(နိုင်)၀၀၀၁၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၅၊ မြေကွက် အမှတ် ၅၈၄(က) အမည်ပေါက် ဦးအပ္ပဒူဟောက် AK-၁၀၁၅၈၈၊ ဇနီးဖြစ်သူ ဒေါ်မူနီယံခါတူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၆)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) USD နှင့် D.D.P (Paung Laung/ Upper Keng Taung) Kyat ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | Tender No. | အရေအတွက် | ပစ္စည်းပေးပို့ရန်နေရာ |
|---|---|---|---|---|
| (က) | Generator Spare Parts | 21 | 1 Lot | D.D.P (Phyu Site)USD |
| (ခ) | H-Beam | 22 | 1 Lot | D.D.P (Paung Laung)USD |
| (ဂ) | Nikon Total Station | 23 | 5 Nos | D.D.P (Paung Laung)Kyat |
| (ဃ) | Vale Port Current Meter VF101 | 23 | 5 Nos | D.D.P (Paung Laung)Kyat |
| (င) | G-60 Derformed Bar (32 mm) | 24 | 2000 Tons | D.D.P (Paung Laung)Kyat |
| (စ) | Concrete Pole (10 m) | 25 | 177 Nos | D.D.P (Upper Keng Tawng) Kyat |
| (ဆ) | Concrete Pole (9 m) | 25 | 90 Nos | D.D.P (Upper Keng Tawng) Kyat |
| (ဇ) | ACSR Conductor (70 $mm^2$) | 25 | 8655 kg | D.D.P (Upper Keng Tawng) Kyat |
| (ဈ) | 400 V Distribution Line Material | 26 | 5 Items | D.D.P (Paung Laung) Kyat |
| (ည) | 11/0.4, 500 kVA Transformer | 27 | 10 Nos | D.D.P (Paung Laung) Kyat |
| (ဋ) | Pozzolan Factory Spare Parts | 28 | 1 Lot | D.D.P (Paung Laung) Kyat |
| (ဌ) | Laser Guidance System For Concreting Levelling Mounted for Dozer CAT D5N or Similar | 29 | 2 Nos | D.D.P (Paung Laung) Kyat |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၉-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)အား ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် မွန်းလွဲ ၁ နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၃၈၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၄၀၅၊ ဖက်စ်-၄၁၁၀၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် ၁၈၈၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များကို မူလအမည်ပေါက် ဦးမြသွင် AA-၀၈၂၉၈၁ထံမှ ဦးအောင်နိုင်ဦး ၁၄/ရကန(နိုင်)၀၀၅၈၅၉က ဝယ်ယူလက်ရောက်ရရှိထားပြီး ၎င်းထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဝင်း(ခ)ဦးစီဟန် ၁၃/ကမန(နိုင်)၀၅၆၅၅၃က ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ ဦးမြင့်ဝင်း(ခ)ဦးစီဟန်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ပပခင် LL.B (စဉ်-၇၂၀၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း (င-၁၂)၊ (၄)ရပ်ကွက်၊ နှင်းဆီလမ်း၊ မြေကွက်အမှတ် ၁၇၈၊ ဒေါ်ကျော့နု ၁၂/ကမရ(နိုင်)၀၂၄၃၂၅က ပါမစ်အမည်ပေါက်သည့် မြေကွက် မြေဧရိယာအကျယ်ပေ (၆၀×၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်မှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်အရောင်းအဝယ်စာချုပ်များအရ ဦးဇော်မျိုးဝင်း ၇/ပတတ(နိုင်)၀၅၆၉၇၉က လက်ရှိပိုင်ဆိုင်သည်ဖြစ်၍ ၎င်းထံမှ ယင်းမြေကွက်ကိုဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ဦးဇော်မျိုးဝင်းထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**စိန်ပေါလ်ခင်မောင်ဆန်း LL.B**
**အတိုင်ပင်ခံအမှုလိုက်ရှေ့နေ**
**ခြံအမှတ် ၆၄၊ သီရိသပြေညိုလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၄၈၀၄၆၆၉၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ အမှတ်၄၄၆နေ မောင်ထွေး(ဘ)ဦးဖိုးထွန်း ၁၂/ဒပန(နိုင်)၀၄၁၂၀၂က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၄၅နေ ဦးတင်မောင်ဝင်း (ဘ)ဦးအေးမောင် ၁၂/လမတ(နိုင်)၀၁၅၉၅၄သို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၇၂၂/ ၂၀၁၃၊ ၃-၁၂-၂၀၁၃အရ လွှဲအပ်ထားခဲ့ပါသည်။

ယင်းကိုယ်စားလှယ်လွှဲစာအား ကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယင်းထွေထွေကိုယ်စားလှယ်လွှဲစာအား ဦးတင်မောင်ဝင်း အနေဖြင့် ဆက်လက်အသုံးမပြုပါရန် တားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ** | **ဒေါ်ဥမ္မာဦး** | **ဒေါ်ဖြူဖြူအောင် LL.B** |
|---|---|---|
| **ဦးမောင်ထွေး** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **LL.B** | **စဉ်-၈၉၇၆** |
| | **စဉ်-၂၇၅၄၅** | **ဖုန်း-၀၉-၇၃၁၆၇၄၄၅** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
### ၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၄၃၁

| | | |
|---|---|---|
| ဦးချစ်ညွန့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်အေး) | **နှင့်** | ၁။ ဒေါ်တင်ဦး ၂။ ဦးမြင့်သန်း ၃။ ဦးခင်ညွန့် ၄။ ဒေါ်သိန်းသိန်းငွေ ၅။ ဒေါ်ခိုင်ခိုင်ဆွေ ၆။ ဒေါ်ခင်ဆွေလတ် ၇။ ဒေါ်စိုးစန္ဒာလင်း |
| **တရားလို** | | **တရားပြိုင်များ** |

၂။ ဦးမြင့်သန်း အမှတ်-၂၀၉/က၊ ဓမ္မရာဇာလမ်း (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရင်ရင်သန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ၂၅-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းကြော်ငြာ စာမျက်နှာ(၃)ပါ ဦးသန့်ဇင်ဦး ၁၂/ဗတထ (နိုင်) ၀၃၃၂၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစိုးဟန် LL.B တရားလွှတ်တော်ရှေ့နေ၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းပြီး အကြောင်းကြားအပ်သည်ကို အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ၊ အေးသစ္စာရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်း၊ အမှတ် ၉၀၄ရှိ တစ်ထပ်တိုက်တစ်လုံးနှင့်ယင်းတိုက်တည်ရှိရာ ပေ(၄၀×၆၀)ရှိ အများသိစေရန်ကြေညာချက်ပါ မြေကွက်နှင့်အိမ်မှာ ဦးသန့်ဇင်ဦးနှင့် ဒေါ်သန်းသန်းနွယ်(ခ) ဒေါ်သီဂီဝင်းတို့ နှစ်ဦးပိုင်သောမြေနှင့်အိမ်မဟုတ်ပါ။ အထက်ပါမြေနှင့်အိမ်အား ၉-၄-၂၀၁၃ ရက်တွင် ဦးသန့်ဇင်ဦးနှင့်ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်သီဂီဝင်းတို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ကျမ်းကျိန်သူအရာရှိရှေ့၌ ကွာရှင်းပြတ်စဲခဲ့ပြီး ထိုနေ့ ၉-၄-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ ပစ္စည်းလွှဲပြောင်းပေးခြင်း ကတိစာချုပ်အရ အပိုဒ် (၃) (က)တွင် ပါဝင်သော အထက်ပါ ၂၅-၁၂-၂၀၁၃ရက် ကြေညာချက်ပါမြေနှင့်အိမ်အား သား မောင်ဆန်းဆင့်နှင့် သမီး မရွှေဖူးဆင့်တို့နှစ်ဦးအား လွှဲပြောင်းပေးအပ်ခဲ့ပြီး စွန့်လွှတ်ခဲ့ပါသည်။ နောင်မည်သည့်အချိန်အခါတွင်မျှ ကိုသန့်ဇင်ဦးအနေဖြင့် အဆိုပါပစ္စည်းများအပေါ် ပြန်လည်တောင်းခံခြင်း၊ လွှဲပြောင်းရယူခြင်း၊ အခြားသူတစ်ဦးသို့ ရောင်းချခြင်းမပြုလုပ်ဘဲ အပြီးအပိုင် စွန့်လွှတ်ပေးအပ်ခဲ့ကြောင်း၊ ကိုသန့်ဇင်ဦးက ဝန်ခံကတိပြုပါသည်ဟု ဖော်ပြချုပ်ဆိုထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကိုသန့်ဇင်ဦးနှင့်လုံးဝပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ထို့ပြင် ဦးသန့်ဇင်ဦး ၁၂/ဗတထ(နိုင်)၀၃၃၂၈၇သည် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဒေါ်ဝင်းမင်းသန်း LL.B အထက်တန်းရှေ့နေ စဉ်-၂၆၀၃၆နှင့်ချုပ်ဆိုထားသော နှစ်ဦးသဘောတူ ပစ္စည်းလွှဲပြောင်းပေးခြင်းကတိစာချုပ်အား မှတ်ပုံတင်ရန်အတွက် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကလေးနှစ်ဦး၏ အုပ်ထိန်းသူ ဒေါ်သန်းသန်းနွယ် (ခ) ဒေါ်သီဂီဝင်းထံသို့ဖြစ်စေ လာရောက် ဆက်သွယ်ဆောင်ရွက်ပေးပါရန် မေတ္တာဖြင့် အကြောင်းကြားသိစေအပ်ပါသည်။ အကယ်၍ အကြောင်းကြားပါအတိုင်း ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးသန့်ဇင်ဦးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**သား မောင်ဆန်းဆင့်နှင့်သမီး မရွှေဖူးဆင့်တို့၏ အုပ်ထိန်းသူမိခင် ဒေါ်သန်းသန်းနွယ်(ခ) ဒေါ်သီဂီဝင်း ၁၂/သကတ(နိုင်)၁၄၃၃၉၉၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ် ၁၅၊ နံ့သာကုန်း (၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၉၅၇၄၂၀၂၊ ၀၅၆-၂၁၃၃၁**

## အများသိစေရန်ကြေညာခြင်း

Great Father Land Construction Co., Ltd. မှ ဆောက်လုပ်သည့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေကွက်အမှတ် (၁၃/E-2) ပေါ်ရှိ အမှတ် (၁၈၁/၁၈၇)၊ ပန်းဆိုးတန်းလမ်း၊ (၄)ခန်းတွဲ (၁၂)ထပ်တိုက်၏ ရှစ်လွှာ A၊ အကျယ်အဝန်း စတုရန်းပေ ၁၅၀၀ရှိသည့် တိုက်ခန်းကို တိုက်ဆောက်သူ ကန်ထရိုက်တာ ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ Great Father Land Construction Co.,Ltd. ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်၍ ၎င်း၏ခွင့်ပြုချက်မရှိဘဲ ယင်းတိုက်ခန်းကို မည်သူမျှထပ်မံရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းစသည့်လွှဲပြောင်းခြင်းတစ်မျိုးမျိုးပြုလုပ်ခွင့် လုံးဝမရှိကြောင်း၊ ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ဖြင့်-**
**ဒေါ်မရန်ဂျာဆိုင်း**
**အထက်တန်းရှေ့နေ (စဉ်-၂၉၆၀၅)**
**အမှတ် ၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၅၁၃၄**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၅၆၅/ခ၊ မြေကွက်တည်နေရာအမှတ် ၅၆၅/ခ၊ က-၆ လမ်း၊ အင်းစိန်မြို့နယ်၊ ဦးတင်သန်းအမည်ပေါက် ပါမစ်ပေးရန် ကျန်မြေအားအမည်ပေါက် ဦးတင်သန်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ (၁)ဒေါ်စန်းစန်းနု ၁၂/လကန(နိုင်)၀၂၄၇၁၄၊ ဒေါ်သန်းသန်းရီ ၁၂/အစန (နိုင်)၀၃၅၅၈၆ တို့က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကျင်လှိုင် (မြန်အောင်)

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ် ၈၇နေ ဦးဘွန်ချမ်း-ဒေါ်သန်းတင်တို့၏သား၊ (ဒေါ်ခင်မြိုင်)၏ခင်ပွန်း၊ ဦးကြည်လွင်(ကျော်သာကုမ္ပဏီ)၊ ဦးမောင်မောင်လွင် (ဌာနခွဲမှူး၊ RTC မိတ္ထီလာ)-ဒေါ်ခင်သန္တာသန်း (အထက၊ အား/ကာ)၊ ဦးညီညီလွင်(SH Shipping)-ဒေါ်ခင်ခင်ထွေး(မြန်မာ့ရေနံ)တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၄ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သိုက် (ကနီ-မုံရွာ)

### အသက်(၇၆)နှစ်

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ စံပြလမ်းနေ (ဦးတင်မြင့်-ဒေါ်ငွေတင်)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်သိန်းမြင့်)၊ ဦးတင်ဌေး၊ ဒေါ်သန်း၊ (ဦးဇော်ထွန်း)တို့၏ညီမ၊ ဦးဇဝနသိက္ခ (သဲအင်းဂူ၊မုံရွာ)၊ ဦးတင်မောင်သန်း-ဒေါ်ငယ်တို့၏အစ်မ၊ ဦးလှထွန်းဦး- ဒေါ်ခင်ကျော်ကျော်ဆွေ၊ ဦးကိုကိုအောင်-(ဒေါ်ရည်မွန်)၊ (ဦးစောမင်းအောင်)-ဒေါ်ညိုညိုသန်း၊ ဦးလှမင်းအောင်-ဒေါ်ဆွေဆွေနိုင်၊ ဦးဝင်းနိုင်ဦး-ဒေါ်ခင်မူယာသိန်းတို့၏မိခင်သည် ၂၇-၁၂-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မိုးကုတ်မြို့နယ်အသင်း

### ဒေါ်ခင်သိန်း အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၇(က)၊ စံရိပ်ငြိမ် ၆လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးစံဌေး၏ ဇနီးသည် ၂၈-၁၂-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးဘိုဘို(ခ)ဦးသန်းထိုက်

